# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး

# (၂၆) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၇၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၃-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးမှ တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၇၀ ဖြစ်ပြီး ခွင့်ပန်ကြားသူ စုစုပေါင်း ၅၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၆

ဦး အနက် ၃၆ ဦးက ယခင်ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၂ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၃ ရက်၊

(၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၄) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၇) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၈) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၉) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် ခွင့် ၃ ရက်၊

(၁၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၁၁) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၃ ရက်၊

(၁၂) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၃) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၂ ရက်၊

(၁၄) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၃ ရက်၊

(၁၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၁၆) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၃ ရက်၊

(၁၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၆ ရက်၊

(၁၈) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ) ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၁၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်နှင့်

(၂၀) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေ အနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်း အဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### ယခင်အစိုးရလက်ထက်က စစ်ခုံရုံးများဖြင့် စစ်ဆေးစီရင် ပြစ်ဒဏ်ချမှတ်ခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ၊ တရားစီရင်ရေးမူမှာ ပုဒ်မ ၃ (ခ)မှာ ဥပဒေကန့်သတ်ချက်မှအပ အများပြည်သူရှေ့မှောက်မှာ တရားစီရင်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပါပဲ ပုဒ်မ (ဂ)မှာ ဥပဒေအရ ခုခံချေပပိုင်ခွင့် ပေးထား

ပါတယ်။ အဲ့ဒီအပြင် အပြစ်ပေးတဲ့အခါမှာ (ဆ)အရ အကျင့်စာရိတ္တပြုပြင်ဖို့ကိုသာ အပြစ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးရပြီးကာစကတည်းက လက်မှတ်ရေးထိုးခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၆ မှာ လူပုဂ္ဂိုလ်ကို ဥပဒေအခန်းကဏ္ဍကို အသိအမှတ်ပြုသလို လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၇ မှာတော့ ဥပဒေအရ တူညီရမည့်အပြင် ဥပဒေရဲ့အကာအကွယ်ကို ခြားနားမှုမရှိဘဲ မခံစေရလို့ ပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံရဲ့ သင်ခန်းစာယူရမယ့်ပြီးခဲ့တဲ့ သမိုင်းဖြတ်သန်းမှုအရ ဘာပြောပြော ကျွန်တော်တို့ စစ်ခုံရုံးတို့၊ သီးသန့်ခုံရုံးတို့နဲ့ နိုင်ငံသူနိုင်ငံသားများကို တရားစီရင်ခဲ့တာရှိပါတယ်။ အဲ့ဒါနှင့်ဆက်စပ်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ ယခင်အစိုးရလက်ထက်က စစ်ခုံရုံးဖြင့် စစ်ဆေးစီရင် ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကိစ္စရပ်များတွင် အများပြည်သူရှေ့မှောက်၌ မဟုတ်ဘဲ အကျဉ်းထောင်များ၌ ဖွင့်လှစ်စီရင်ခဲ့သည့် အဆိုပါစစ်ခုံရုံးများနှင့် အထူးရုံးများတွင် ရှေ့နေရှေ့ရပ် ငှားရမ်းခွင့်မရှိဘဲ ချမှတ်ခဲ့သည့်အမိန့်များ မည်၍မည်မျှရှိပါသနည်း။ ပြည်ထောင်စုအစိုးရက အမည်ပျက်စာရင်း (Blacklist) ကြေညာခံရမည့် စီးပွားရေးကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ပရောက် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အချို့အား ယနေ့ကာလတွင် အမည်ပျက်စာရင်းမှ ပယ်ဖျက်ခဲ့သလို စစ်ခုံရုံးနှင့် အကျဉ်းထောင်အထူးရုံးများက ပြစ်ဒဏ်ချမှတ်ခဲ့သော ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ပြီး နစ်နာဆုံးရှုံးခဲ့ရသော နိုင်ငံသားများ၏ အခွင့်အရေးကို မည်သို့ရရှိခံစားခွင့် ပေးနိုင်ရေး အစီအစဉ်ရှိ၊ မရှိ သိလိုပါသည်ဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း

မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဖြေကြားတဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖြေကြားခြင်းဖြစ်ပါကြောင်း ပဏ္ဏာမရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က (က) ယခင်အစိုးရလက်ထက်က စစ်ခုံရုံးများနဲ့ စစ်ဆေးစီရင်ပြစ်ဒဏ်ချမှတ်ခဲ့သည့် ကိစ္စရပ်များမှာ အများပြည်သူရှေ့မှောက်မဟုတ်ဘဲနဲ့ အကျဉ်းထောင်များမှာဖွင့်လှစ်စီရင်ခဲ့တဲ့ စစ်ခုံရုံးများနှင့် အထူးရုံးများတွင် ရှေ့နေရှေ့ရပ်ငှားရမ်းခွင့်မရှိဘဲ ချမှတ်ခဲ့သည့်အမိန့်များ မည်မျှရှိပါသနည်း။ (ခ) စစ်ခုံရုံးနှင့် အကျဉ်းထောင်အထူးရုံးများက ပြစ်ဒဏ်ချမှတ်ခဲ့သောကိစ္စရပ်များအပေါ်မှာ ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ပြီးတော့ နစ်နာဆုံးရှုံးခဲ့ရသော နိုင်ငံသားများ၏ အခွင့်အရေးများကို မည်သို့ရရှိခံစားနိုင်ခွင့်ပေးနိုင်ရေး အစီအစဉ်ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အဘက်ဘက်မှ ယိုယွင်းနေတဲ့ အခြေအနေကို အချိန်မီ ထိန်းသိမ်းနိုင်ရန်နှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတို့အတွက် တပ်မတော်က နိုင်ငံတော်ရဲ့ အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူဆောင်ရွက်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကြေညာချက်အမှတ် (၁/၈၈) ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ကြေညာပြီးတဲ့နောက်မှာ အချုပ်အခြာအာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ကာလတစ်ရပ်မှာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးထိခိုက်သည့်ပြစ်မှုများကို စစ်ခုံရုံးဖြင့် စစ်ဆေးစီရင်ခဲ့တာမျိုးရှိခဲ့ပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စစ်တိုင်းမှူးတွေကို မိမိတို့ကြီးကြပ်ကွပ်ကဲရတဲ့ စစ်တိုင်းနယ်မြေများအတွင်းမှာ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးဆိုင်ရာ မာရှယ်လော (Martial Law) အာဏာကို ကျင့်သုံးနိုင်ရန်အတွက် မာရှယ်လော (Martial Law) အမိန့်အမှတ် (၁/၈၉) ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ စစ်တိုင်းမှူးများအနေနဲ့ တရားစီရင်ရေး

ဆိုင်ရာ မာရှယ်လော (Martial Law) အာဏာကို ကျင့်သုံးတဲ့နေရာမှာ ပြစ်မှုကျူးလွန်သူများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားတဲ့ တရားရုံးဖြင့်ဖြစ်စေ၊ မိမိတို့က ဖွဲ့စည်းတဲ့ စစ်ခုံရုံးများဖြင့်ဖြစ်စေ ကြားနာစစ်ဆေးစီရင်နိုင်ကြောင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်ထားတဲ့အမိန့်ကို ဖြစ်စေ၊ အစိုးရအဖွဲ့က ထုတ်ပြန်ထားတဲ့အမိန့်ကိုဖြစ်စေ၊ သက်ဆိုင်ရာ စစ်တိုင်းမှူးက ထုတ်ပြန်တဲ့အမိန့်ကိုဖြစ်စေ ဆန့်ကျင်တဲ့အမှုများကို စစ်ခုံရုံးဖြင့် စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်း မာရှယ်လော (Martial Law) အမိန့်အမှတ် (၂/၈၉) မှာ ဖော်ပြထားပါတယ်။ အဆိုပါအမိန့်မှာ စစ်ခုံရုံးများအား ပြစ်မှုဆိုင်ရာပြစ်မှုများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရန်ကိုလည်းကောင်း၊ စစ်ခုံရုံးက ချမှတ်တဲ့ ဆုံးဖြတ်ချက်များဟာ အပြီးအပြတ်ဖြစ်စေရမည်ဖြစ်ပြီးတော့ သေဒဏ် ဒါမှမဟုတ် တစ်သက်တစ်ကျွန်းဒဏ် စီရင်ခဲ့ပါက ထိုသို့ စီရင်ခြင်းဟာ သက်ဆိုင်ရာ စစ်တိုင်းမှူး၏ အတည်ပြုချက် ရရှိမှသာ အတည်ဖြစ်သည်ကိုလည်းကောင်း ဖော်ပြထားပါတယ်။ စစ်ခုံရုံးက ချမှတ်တဲ့ အမိန့်များနှင့်စပ်လျဉ်းပြီးတော့ ထောင်ဒဏ်သုံးနှစ်စီရင်ပါက ရက်ပေါင်း ၃၀ အတွင်းမှာ သက်ဆိုင်ရာ စစ်တိုင်းမှူးထံ ပြင်ဆင်မှုတင်သွင်းနိုင်ခြင်းရှိကြောင်းကိုလည်းကောင်း၊ သေဒဏ်သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ၃ နှစ်ထက်ကျော်သော ပြစ်ဒဏ်ကို စီရင်ပါက ရက်ပေါင်း ၃၀ အတွင်း ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ ပြင်ဆင်မှုတင်သွင်းနိုင်ကြောင်းကိုလည်းကောင်း အဆိုပါအမိန့်မှာ ကုစားခွင့်အခွင့်အရေးအနေနဲ့ ဖော်ပြထားတာကို တွေ့ရပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူတဲ့အချိန်မှာ တည်ဆဲဥပဒေများကို ဖောက်ဖျက်တဲ့၊ ကျူးလွန်တဲ့ အမှုများကို စစ်ဆေးစီရင်တဲ့နေရာမှာ တပ်မတော်မှအရာရှိများနှင့် ဖွဲ့စည်းထားတဲ့ စစ်ခုံရုံးများဖြင့် စစ်ဆေးစီရင်ခဲ့ခြင်းဖြစ်ပါတယ်။ စစ်ခုံရုံးနှင့် စစ်ဆေးစီရင်ခဲ့တဲ့ အမှုပေါင်း ၃၁၄ မှု ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စစ်ခုံရုံးနှင့်စစ်ဆေးတဲ့နေရာမှာ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ နောက် စစ်ခုံရုံးများကို ဖွဲ့စည်းခဲ့တဲ့ကာလဟာ ၁၉၈၉ ခုနှစ်ကဖြစ်ပြီးတော့ ယခုအခါ နှစ်ပေါင်း ၂၀ ကျော်လွန်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီကြားထဲအတောအတွင်းမှာလည်း နိုင်ငံတော်ကနေပြီးတော့ နိုင်ငံတော်အစိုးရက ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ကို အကြိမ်ကြိမ်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပေါင်းများစွာက စီရင်စစ်ဆေးခဲ့တဲ့ စစ်ခုံရုံးနှင့်ပတ်သက်ပြီးတော့ ချမှတ်ခဲ့တဲ့အမိန့်များအပေါ်မှာ အခုအခါ ပြန်လည်သုံးသပ်ရန် အကြောင်းမရှိတော့ပါကြောင်း ပထမအပိုင်းအနေနဲ့ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အထူးတရားရုံးများနှင့်ပတ်သက်ပြီးတော့ ဖြေဆိုသွားမှာဖြစ်ပါတယ်။ ဥပဒေအရ ကန့်သတ်ထားချက်မှ အပ ပြည်သူ့ရှေ့မှောက်မှာ တရားစီရင်ခြင်းဆိုတဲ့ တရားစီရင်ရေးမူတစ်ရပ်ကို ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေမှာလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေနှင့် တည်ဆဲပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့မှာလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းထားပြီး တရားရုံးများက ယင်းအမှုများနှင့်အညီ ပြည်သူများရှေ့မှောက်မှာ တရားစီရင်ကြပါတယ်။ သို့သော်လည်း ယခင်အစိုးရလက်ထက်က အမှုအချို့မှာ အမှုသည်များ၊ သက်သေများ၊ သက်သေခံပစ္စည်းများကို လျင်မြန်စွာတင်ပို့နိုင်ခြင်းဖြင့် တရားရုံးများက မှန်ကန်မြန်ဆန်စွာနဲ့ စစ်ဆေးစီရင်ရာ၌ အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း၊ အမှုသည်များ၊ သက်သေများ၊ တရားခံများ၏ လုံခြုံရေးအတွက်လည်းကောင်း အင်းစိန်အကျဉ်းထောင်ရဲ့ အပြင်ဘက်မှာရှိတဲ့ အကျဉ်းဦးစီးဌာန ဝန်းအတွင်းမှာရှိတဲ့ အဆောက်အအုံမှာ တရားရုံးထိုင်ဖွင့်လှစ်ပြီးတော့ စစ်ဆေးခဲ့တာများရှိခဲ့ပါတယ်။ အခြားနေရာများမှာလည်း အထူးရုံးများနှင့် စစ်ဆေးခဲ့တဲ့အမှုများရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးတရားရုံးနှင့် စစ်ဆေးစီရင်ခဲ့တဲ့ အမှုများနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အမှုများကို ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီးတော့ ပထမဦးစွာ ရှေ့နေချုပ်ရုံးကို ဥပဒေထင်မြင်ချက်အကြံဉာဏ်များ တောင်းခံပါတယ်။ ရှေ့နေချုပ်ရုံးရဲ့ ဥပဒေအကြံပြုချက်၊ ဥပဒေပုဒ်မများနှင့်အညီ အမှုကို ခိုင်လုံစွာတည်ဆောက်ပြီးတော့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားစွဲဆိုတင်ပို့ခြင်း ဖြစ်ပါတယ်။ တရားစွဲဆိုတင်ပို့တဲ့နေရာမှာ တရားစီရင်မှု လုံခြုံချောမွေ့စေရေး၊ အမှုများကြန့်ကြာမှုမရှိဘဲ လျင်မြန်စွာစစ်ဆေးနိုင်ရေးတို့အတွက် တရားရုံးချုပ်ကဖွဲ့စည်းပေးတဲ့ အထူးတရားရုံးများကို တရားစွဲတင်ပို့တာမျိုးရှိပါတယ်။ အထူးတရားရုံးများကို တရားစွဲတင်ပို့တဲ့ မည်သည့်အမှုတွင်မဆို ဥပဒေကြောင်းအရ ခုခံချေပနိုင်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ အရ အကျိုးဆောင်ရှေ့နေများ ငှားရမ်းလိုက်ပါဆောင်ရွက်ခွင့်ကို ပေးခဲ့ပါတယ်။ အကျိုးဆောင်ရှေ့နေများ ငှားရမ်းခွင့်ပေးခဲ့သော်လည်းပဲ ပြစ်မှုကျူးလွန်သော တရားခံများက အကျိုးဆောင်ရှေ့နေငှားရမ်းခြင်းမပြုဘဲနှင့် မိမိတို့ကိုယ်တိုင် ခုခံချေပတဲ့အမှုများရှိသကဲ့သို့ အကျိုးဆောင်ရှေ့နေများဖြင့် ငှားရမ်းပြီးတော့ ခုခံချေပတဲ့အမှုများလည်း ရှိခဲ့ပါတယ်။ တရားခံများက ၎င်းတို့ကိုယ်တိုင်ခုခံချေပသည်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေငှားရမ်းချေပသည်ဖြစ်စေ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ တရားလိုသက်သေကို စစ်ဆေးနေစဉ် အပြန်အလှန်မေးမြန်းခြင်း၊ ပြန်လည်မေးမြန်းခြင်း၊ စွပ်စွဲခံရသူများအတွက် ဥပဒေနှင့်အညီ ခုခံချေပခွင့်ပေးခြင်းများကို အထူးတရားရုံးများက ခွင့်ပြုခဲ့ကြ

ပါတယ်။ အထူးတရားရုံးများဆိုတာ အထူးတရားရုံးများ ရုံးထိုင်စစ်ဆေးခြင်းဟာ မူလရုံးထိုင်စစ်ဆေးရာနေရာဒေသမှ နေရာပြောင်းရွှေ့စစ်ဆေးခြင်းသာဖြစ်ပြီးတော့ စစ်ဆေးတာကတော့ ပုံမှန်အမှုစစ်ဆေးခြင်းအတိုင်းပဲ ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိတဲ့အခွင့်အရေးများအားလုံးကို ဥပဒေနှင့်အညီ ပေးခဲ့ပါကြောင်း တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးတရားရုံးနှင့်စစ်ဆေးတဲ့ အမှုများမှာ အမှုသည်များ၊ တရားခံများအား ဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးပြီး အမှုသည်များ၊ တရားခံများဟာ ရှေ့နေရှေ့ရပ်ငှားရမ်းခွင့်ရှိကြပါတယ်။ တရားခံများက ၎င်းတို့ဆန္ဒအရ ရှေ့နေရှေ့ရပ်မငှားရမ်းတဲ့ အမှုများသာရှိတဲ့အတွက် အထူးတရားရုံးများတွင် ရှေ့နေရှေ့ရပ်ငှားရမ်းခွင့်မရှိဘဲ ချမှတ်သည့်အမိန့်များ မရှိပါကြောင်း မေးခွန်း (က)နှင့်စပ်လျဉ်း၍ ဖြေကြားပါတယ်။ ဆက်လက်ပြီးတော့ အထူးတရားရုံးတွင် စစ်ဆေးစီရင်ခဲ့တဲ့ ပြစ်ဒဏ်စီရင်တဲ့ အမှုများမှာလည်း ပြစ်ဒဏ်ကျခံရသူများအနေနဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၇၊ ၄၀၈၊ ၄၁၀ တို့အရ အယူခံတင်သွင်းနိုင်ပြီးတော့ တရားရုံးအဆင့်ဆင့်ကို အယူခံတင်သွင်းခဲ့ကြတာလည်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရကလည်း ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၀၁ ပုဒ်မခွဲ (၁) အရ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တာတွေကိုလည်း ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် တရားခံများအနေနဲ့ ဥပဒေနှင့်အညီ ရရှိပိုင်ခွင့်ရှိတဲ့ အခွင့်အရေးများကို ရရှိခံစားခွင့်ပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် စစ်ခုံရုံးနှင့် အထူးတရားရုံးများက ရှေ့နေရှေ့ရပ်ငှားရမ်းခွင့်မရှိဘဲ ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ပြီးတော့ နစ်နာဆုံးရှုံးခဲ့သော နိုင်ငံသားများ၏ အခွင့်အရေးကို မည်သို့ရရှိခံစားနိုင်ခွင့်ပေးရေး အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေဆိုခဲ့တဲ့အတိုင်းပဲ အထူးတရားရုံးများမှာ ရှေ့နေရှေ့ရပ်ငှားရမ်းခွင့်မရှိဘဲ ချမှတ်ခဲ့တဲ့အမိန့်များ မရှိတဲ့ အတွက် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၁၆ (ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါ။ (၁) ကတော့ စစ်ခုံရုံးကချတဲ့အမှုတွေမှာ အကျဉ်းနည်းနဲ့ ချတဲ့အမှုတွေမှာ လက်ကျန်ဘယ်လောက်ရှိသလဲတော့ ဖော်ပြထားခြင်းမရှိပါဘူး။ သို့သော် အခုပြည်ထောင်စုတရားသူကြီး ဖြေတဲ့အထဲမှာ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ညှိနှိုင်းပြီးတော့ ဖြေတာဖြစ်တဲ့အတွက် စစ်ခုံရုံးကချခဲ့တဲ့၊ ကျန်ခဲ့တဲ့အကျဉ်းသားတွေကို ခုနပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ လက်ကျန်များကို ကျင့်ထုံးပုဒ်မ ၄၀၁ အရ

ပြစ်ဒဏ်ကနေလွတ်ငြိမ်းခွင့်ပြုဖို့ရှိပါသလား။ နောက်ဒုတိယမေးခွန်းကတော့ အထူးရုံးတွေမှာ ရှေ့နေ မငှားလို့ ခုခံတယ်။ ရှေ့နေငှားခွင့်ပေးပါတယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် သင်ခန်းစာအနေနဲ့ ပြောတာ ပါ။ အခု မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်အမှုမှာ ရှေ့နေအဖြစ် လိုက်ပါခွင့် ကြိုးစားခဲ့ပါတယ်။ သို့သော်မူလရုံးမှာ ကျွန်တော်မရခဲ့ပါဘူး။ ဒါက နမူနာလေးတစ်ခုပါ။ ကျွန်တော့်ကိုယ်တွေ့။ အခုလည်း ကျွန်တော့်ကို မြစ်ကြီးနားအကျဉ်းထောင်ကနေ အကျဉ်းသား ထောင်ဝင်အမှတ် အစ-၀၅၀၈၉၈၉ ဦးရဲမင်း မြစ်ကြီးနားအကျဉ်းထောင်မှာ သူ့ဇနီးကနေ ရှေ့နေငှားခွင့်မရဘဲနှင့် ထောင်ဒဏ် နှစ် ၄၀ ကျော် ပြစ်မှုတိုင်းကို အမြင့်ဆုံးချမှတ်ခဲ့တယ်။ အသနားခံ မှသာ အနှစ် ၂၀ ပဲရှိတယ်။ အခုအချိန်ထိ ထောင်ထဲမှာ ၇ နှစ် ၈ လ နေပြီးတော့ ဦးရဲမင်းရဲ့ ဒုက္ခတွေကို သူ့ဇနီးက တင်ပြလာပါတယ်။ အဲ့ဒီလိုအကျဉ်းသားမျိုးတွေကို ငှားရမ်းခွင့်မရှိခဲ့ကြောင်း အထောက် အထားရှိတဲ့အတွက် အဲ့ဒီလိုအမှုမျိုးတွေကို တရားရုံးချုပ်က တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အရေးယူလောက်တဲ့ပြဿနာအဖြစ် ပြန်လည်ကြားနာဖို့ အစီအစဉ်ရှိပါသလား။ သို့မဟုတ်လို့ရှိရင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ ဒီလိုရှေ့နေရှေ့ရပ်မပါဘဲနဲ့ ခံခဲ့ရတဲ့သူတွေကို ရှေ့နေငှား နိုင်ပါတယ်။ အင်မတန်လည်း ရှေ့နေငှားဖို့ ကြိုးစားခဲ့တဲ့သူတွေပါ။ အဲ့ဒီလို တရားမမျှတဘဲနှင့် စီရင်ခြင်းခံရတဲ့ သူတွေရဲ့ ကြေကွဲစရာအဖြစ်ဆိုးတွေကို နိဂုံးချုပ်နိုင်ဖို့အတွက် ပြည်ထောင်စုတရားရုံး တွေနဲ့ အထူးအရေးယူလောက်တဲ့ ပြဿနာသော်လည်းကောင်း၊ ပြည်ထဲရေး၊ ကာကွယ်ရေးနှင့်ညှိနှိုင်း ပြီးတော့ နိုင်ငံတော်သမ္မတဆီအထိ ပြစ်ဒဏ်သက်ညှာခွင့်ရရန် ဆောင်ရွက်ပေးနိုင်မည်လား။ ဒါဟာ ကျွန်တော်မေးရင်းနဲ့ တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးသည် အမျိုးသားလုံခြုံရေး ကောင်စီမှာပါတဲ့အတွက် အဲ့ဒီလို အကျဉ်းသမားတွေရဲ့ မိသားစုဘဝကို ဥက္ကဋ္ဌကြီးသိရှိဖို့ ကျွန်တော့်ဆီ ရောက်နေတဲ့ စာတွေကိုလည်း ဥက္ကဋ္ဌကြီးဆီပေးပို့မှာပါ။ ဒါတွေကို ကျွန်တော်တို့ လွှတ်တော်ကနေ ပြီးခဲ့တဲ့အချိန်ကို အပြစ်မတင်ပါဘူး။ လူ့အခွင့်အရေးတကယ်နစ်နာဆုံးရှုံးတဲ့သူတွေကို ကုစားပေးခြင်း အားဖြင့် ကျန်ရစ်သူမိသားစုရဲ့ မျက်ရည်တွေကို သုတ်ပေးနိုင်ရင် လွှတ်တော်ရဲ့အပေါ်မှာ ပြည်သူလူထု အားကိုးမှုအများကြီးရမှာဖြစ်တဲ့အတွက် အခုလို ဆက်စပ်မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ် မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ပထမဦးဆုံးအချက်အနေနဲ့ နိုင်ငံများဟာ အရေးပေါ်ကာလ အခက်အခဲအခြေအနေဖြစ်ပေါ်လာတဲ့အချိန်အခါမျိုးမှာ ၎င်းတို့ရဲ့ ဖွဲ့စည်းပုံအခြေခံ

ဥပဒေမှာဖြစ်စေ၊ အခြားသီးခြားဥပဒေများမှာဖြစ်စေ ဒီအခက်အခဲနှင့်ပတ်သက်ပြီးတော့ စစ်ခုံရုံးနှင့် စစ်ဆေးစီရင်ပိုင်ခွင့်တွေကို ရေးဆွဲပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ အရေးပေါ်ကာလအခြေအနေကို State of Emergency, State of Exception, State of Alarm, State of Cease, State of Martial Law ဆိုပြီးတော့ နိုင်ငံများမှာ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရ ပါတယ်။ အဲ့ဒီအတိုင်းပဲ အသုံးအနှုန်းတူညီခြင်းမရှိပေမယ်လို့ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာလို့ရှိရင် ဒီနိုင်ငံများဟာ ယင်းအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် ဖမ်းဆီးထိန်းသိမ်းတာတို့၊ စစ်ခုံရုံးနှင့်စစ်ဆေးတာတို့နှင့်စပ်လျဉ်းတဲ့အထူးအာဏာကို အပ်နှင်းထားတာကိုလည်းကောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံသားများရဲ့ အခွင့်အရေးများကို အဲ့ဒီလို ကန့်သတ်ထားတဲ့မျိုးကိုလည်း ပြန်ပြီးတော့ အဲ့လိုအချိန်အခါမျိုးမှာလည်း ရှေ့တော်သွင်းစာချွန်တော် လျှောက်ထားခြင်းကိုပင်လျှင် ရပ်ဆိုင်းထားတာမျိုးလည်း တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အရေးပေါ်အခြေအနေကြုံတွေ့ရတဲ့အခါကာလမှာ ယင်းနိုင်ငံရဲ့ တည်ငြိမ်ရေးနှင့်အေးချမ်းသာယာရေးအတွက် စစ်တရားရုံးတွေ၊ အထူးတရားရုံးတွေနဲ့အမှုများကို စစ်ဆေးစီရင်ရတဲ့ ဖြစ်စဉ်များ ရှိခဲ့ပါတယ်။ ဥပမာ သာဓကအားဖြင့် အမေရိကန်နိုင်ငံမှာဆိုရင်လည်း ပြည်တွင်းစစ်ကာလမှာ နိုင်ငံတည်ငြိမ်ရေးအတွက် စစ်တရားရုံးများနှင့်လည်းကောင်း၊ ပါကစ္စတန်နိုင်ငံမှာဆိုရင်လည်း စစ်အုပ်ချုပ်ရေးကာလအတွင်းမှာ စစ်အုပ်ချုပ်ရေးနှင့်လည်းကောင်း တရားစီရင်ခဲ့တာ တွေ့ရပါတယ်။ ထို့နည်းတူ အီဂျစ်နိုင်ငံမှာလည်း အရေးပေါ်အခြေအနေကာလဆိုပြီးတော့ Emergency Law နဲ့ကျင့်သုံးဆောင်ရွက်တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း ၁၉၈၉ အခြေအနေများအရ အရေးပေါ်အခြေအနေများမှာ စစ်တရားရုံးများနှင့်ဖွဲ့စည်းတည်ထောင်ပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် ပထမရှင်းလင်း တင်ပြခဲ့တဲ့အတိုင်းပဲ ၁၉၈၉ ကစပြီးတော့ ယခုအချိန်အတွင်းမှာ ကျွန်တော်တို့ လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ကြိမ်ပေးခဲ့ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ နောက်ထပ် လွတ်ငြိမ်းချမ်းသာခွင့်ပြုဖို့ အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားနိုင်ခြင်းမရှိပါကြောင်း ရိုးသားစွာတင်ပြအပ်ပါတယ်။ ဒုတိယဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီးတော့ အထူးတရားရုံးများမှာ ရှေ့နေငှားရမ်းခွင့်ပြုတယ်ဆိုသော်လည်းပဲ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်မရဘူးဆိုတဲ့ လက်တွေ့သာဓကတွေရှိခဲ့ကြောင်း တင်ပြတာရှိပါတယ်။ ဒါနှင့်ပတ်သက်လို့ တင်ပြရမယ်ဆိုရင် တရားရုံးများအနေနဲ့ကတော့ ဥပဒေမှာပါတဲ့ အခွင့်အရေးအားလုံးကို တရားခံများ ပြည့်ဝစွာရရှိအောင်အတွက် ဆောင်ရွက်ပေးတာရှိပါတယ်။ ဒီလိုရှေ့နေအဖြစ် လိုက်ပါ

ဆောင်ရွက်ခွင့်မရတာဟာ တရားရုံးများက တားဆီးထားတာမဟုတ်ဘဲနှင့် ပေးထားတဲ့အခွင့်အရေးကို တရားခံများက ရယူဖို့ဆောင်ရွက်တဲ့နေရာမှာ လိုအပ်တာများရှိကောင်းရှိနိုင်ပါတယ်။ ဥပဒေအရ ပေးတဲ့အခွင့်အရေးကို ရရှိအောင်ကြိုးစားဖို့ကတော့ ဥစ္စာရင်လို ဥစ္စာရင်းခဲ တရားခံများအနေနဲ့ ကြိုးစားဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အကျိုးဆောင်များငှားရမ်းပေးတဲ့ကိစ္စနှင့်ပတ်သက်လို့ကတော့ တရားရုံးများအနေနဲ့ကတော့ သေဒဏ်ထိုက်တဲ့အမှုများမှာသာလျှင် နိုင်ငံတော်အစိုးရရဲ့ စရိတ်နှင့် တရားခံအတွက် အကျိုးဆောင်များငှားရမ်းပေးခြင်းရှိပါတယ်။ ကျန်တဲ့အမှုများမှာတော့ တရားခံများဟာ မိမိတို့ကိုယ်တိုင်ပဲ အကျိုးဆောင်ကို ငှားရမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အကျိုးဆောင်ရရှိအောင်အတွက် ဆောင်ရွက်ဖို့ကတော့ တရားခံများရဲ့တာဝန်သာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ တင်ပြရမယ်ဆိုရင် အဲ့ဒီလို အကယ်၍များ တရားရုံးက အကျိုးဆောင်ငှားရမ်းခွင့်၊ လိုက်ပါဆောင်ရွက်ခွင့်မပေးခဲ့ဘူးဆိုရင်လည်း အဲ့ဒီအချိန်မှာကတည်းက တရားရုံးကိုတင်ပြနိုင်ပါတယ်။ တရားရုံးကို တင်ပြပြီးတော့ အကျိုးဆောင်ငှားရမ်းဖို့အခက်အခဲတွေ ရှိနေတဲ့အကြောင်း တင်ပြလျှောက်ထားမယ်ဆိုရင် ထိုအချိန်က တရားရုံးများက လိုအပ်တဲ့ ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးဖို့ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အမှုတွေ အထူးအယူခံခွင့်ရှိပါသလားဆိုတဲ့မေးခွန်းနှင့်ဆက်စပ်ဖြေရမယ်ဆိုရင် အထူးအယူခံခွင့်အတွက်ကတော့ တရားရုံးတစ်ရုံးက ချမှတ်ထားတဲ့ အမိန့်တစ်ရပ်ရပ်အပေါ်မှာ အထူးအယူခံခွင့်ရှိတဲ့အကြောင်းကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် စည်းကမ်းသတ်ကာလအတွင်း ကျရောက်မယ်ဆိုရင် အထူးအယူခံခွင့်တင်နိုင်ရန်အတွက် ပြည့်စုံရမယ့် အချက်အလက်များနှင့်ပြည့်စုံမယ်ဆိုလို့ရှိရင်တော့ အထူးအယူခံခွင့် တင်ပြခြင်းကို တင်ပြဆောင်ရွက်နိုင်ပါကြောင်း တရားရုံးက ဥပဒေနှင့်အညီ စဉ်းစားသုံးသပ်ပေးမှာဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများအား အင်္ဂါစဉ် အမည်စာရင်းတွင် မည်သည့်အတွက်ကြောင့် ထည့်သွင်းခြင်းမပြုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ လေ့လာသူများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း

တောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဌာနကို မေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှာ ထုတ်ဝေတဲ့ ရုံးလုပ်ငန်းလက်စွဲစာအုပ်မှာ အရေးကြီးပုဂ္ဂိုလ်များရဲ့ အင်္ဂါစဉ်အမည်များကို ဖော်ပြထားတာတွေ့ရှိရပါတယ်။ အဆိုပါအင်္ဂါစဉ်အမည်စာရင်းမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ စာရင်းလည်းပါဝင်သည်ကို တွေ့ရှိရပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနဲ့ ဒုတိယဥက္ကဋ္ဌများရဲ့ အင်္ဂါစဉ်အမည်စာရင်းကတော့ ပါဝင်ခြင်းမရှိတာကို တွေ့ရပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းများကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနဲ့ ဒုတိယဥက္ကဋ္ဌများဟာ အဆိုပါအင်္ဂါစဉ်အမည်စာရင်းမှာ မည်သည့်အတွက်ကြောင့် ထည့်သွင်းခြင်းမပြုသည်ကို သိရှိလိုပါတယ်။ အင်္ဂါစဉ်အမည်စာရင်းမှာ ထည့်သွင်းမည်ဆိုပါကလည်း မည်သည့်အဆင့်တွင် ရှိသည်ကို သိရှိလိုပါကြောင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရဲ့ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌများကိုလည်း အင်္ဂါစဉ်အမည်စာရင်းမှာ ထည့်သွင်းဖော်ပြပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်ကျော်ငွေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရာထူးဝန်ရဲ့ ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၀၁၁ ခုနှစ် ဇူလိုင်လ ထုတ်ဝေတဲ့ ရုံးလုပ်ငန်းလက်စွဲ စာစောင်ရဲ့ အခန်း(၈) စာမျက်နှာ ၁၃၆ တွင် ဖော်ပြထားတဲ့ ပြည်ထောင်စုအင်္ဂါစဉ်သည် နိုင်ငံတော်အဆင့်အခမ်းအနားများ ကျင်းပပြုလုပ်ခြင်း၊ နိုင်ငံတော်သမ္မတက ဦးဆောင်သော အစည်းအဝေးများပြုလုပ်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန အချင်းချင်းဆက်သွယ်ဆောင်ရွက်ခြင်းစသည့် ဦးစီးဆောင်ရွက်ရမည့် အစိုးရအဖွဲ့ရုံးလုပ်ငန်းများ အတွက်သာ ရည်ရွယ်ပြီး ထုတ်ပြန်ထားခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များရဲ့

ဥက္ကဋ္ဌများအနေနဲ့ ဦးစီးဆောင်ရွက်ရန် တာဝန်မရှိပါသဖြင့် အဆိုပါအင်္ဂါစဉ်တွင် ထည့်သွင်းမဖော်ပြခြင်း ဖြစ်ပါတယ်။ ၎င်းတို့ရဲ့အဆင့်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေစရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေအရ ပြည်ထောင်စုဝန်ကြီးအဆင့်နဲ့ ညီမျှကြောင်း တွေ့ရှိရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတို့ရဲ့ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များရဲ့ ဥက္ကဋ္ဌများကိုလည်း အင်္ဂါစဉ်မှာ ထည့်သွင်းဖော်ပြရန် အစီအစဉ် မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အခုလို ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာများ မီးလင်းနိုင်စေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးမည့် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ ခေတ်အဆက်ဆက်စဉ်ဆက်မပြတ် တည်ငြိမ်အေးချမ်းသော အဖြူရောင်နယ်မြေဖြစ်ပါတယ်။ ဒေသတွင်းနေ ဓနုလူမျိုးများအပါအဝင် တိုင်းရင်းသားများအားလုံးဟာလည်း မိရိုးဖလာတောင်ယာလုပ်ငန်းများအပါအဝင် သမရိုးကျစိုက်ပျိုးရေးကိုသာ အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပါတယ်။ သို့ဖြစ်သည့်အားလျော်စွာ ဓနုဒေသအတွင်းမှာ ချမ်းသာသူဟူ၍ မရှိသလောက်ရှားပါးပါတယ်။ ၉၀ ရာခိုင်နှုန်းခန့်သော လူဦးရေမှာ နေ့လုပ်နေ့စား ဆင်းရဲနွမ်းပါးသူများဖြစ်ကြပါတယ်။ နိုင်ငံတော်မှ ဓနုဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၁၆ ကေဗွီဓာတ်အားလိုင်းကို ကလောဓာတ်အားခွဲရုံမှ ပေးနေတာမျိုးအထိလည်းကောင်း၊ ၃၃ ကေဗွီဓာတ်အားလိုင်းကို ပင်းတယမြို့မှ ရွာငံမြို့အထိလည်းကောင်းသွယ်တန်းပေးခဲ့ရာ ယခုအခါပြီးစီးသလောက် ဖြစ်နေပြီဖြစ်နေပါတယ်။ နိုင်ငံတော်ဓာတ်အားလိုင်းမှ ယခုကဲ့သို့ ဖြန့်ဝေပေးသည့်အတွက်လည်း ဒေသခံ

ပြည်သူများအနေဖြင့် စိုက်ထူထားသော ဓာတ်မီးတိုင်များကိုကြည့်ပြီး မိမိဒေသဖွံ့ဖြိုး တိုးတက်လာတော့မည့် အခြေအနေကိုတွေးမိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြပါတယ်။ နိုင်ငံတော်အားလည်း ကျေးဇူးတင်မဆုံးဖြစ်လျက်ရှိကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၃၃ ကေဗွီ ဓာတ်အားလိုင်းမှတဖန် မိမိတို့ကျေးရွာအသီးသီးသို့ ဓာတ်အားရောက်ရှိရေးအတွက်မှာမူ ဆင်းရဲနွမ်းပါး သူများဖြစ်ကြသည့် ဒေသဖြစ်သည့်အလျောက် ကိုယ်ထူကိုယ်ထဖြစ်နိုင်စွမ်းမရှိကြပါ။ ဓာတ်မီးတိုင်များအောက်တွင် မရှုနိုင်၊ မရှိုက်နိုင်ရင်မောနေကြရပါတယ်။ သို့ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိအသုံးပြုစေရေးအတွက် (၁) နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ။ (၂) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ဥပမာ- ဂျပန်နိုင်ငံ JICA ကဲ့သို့ အဖွဲ့အစည်းများ၏ အထောက် အပံ့အဖြစ်လည်းကောင်း သို့မဟုတ်ပါက ၎င်းအဖွဲ့အစည်းများထံမှ နှစ်ရှည်ချေးငွေများကို အတိုး နည်းနည်းဖြင့်ချေးငှားရယူ၍လည်းကောင်း အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်မှ ပံ့ပိုး ကူညီပေးမည့်အစီအစဉ်ရှိ၊ မရှိ။ (၃) နိုင်ငံတော်မှ နှစ်ရှည်ချေးငွေများကို အတိုးနည်းနည်းဖြင့် ချေးငှားပေးပြီးနောက်မှ အရစ်ကျပြန်လည်ပေးဆပ်နိုင်သည့်စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်သည့် အစီအစဉ် ရှိ၊ မရှိ။ (၄) ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များအား BOT စနစ်ဖြင့် ဆောင်ရွက်စေရန် အစီအစဉ်ရှိ၊မရှိ။ (၅) အကယ်၍ အထက်ပါအစီအစဉ်များနှင့်ပတ်သက်၍ မရှိသေးပါဟု ဆိုပါက ဓနုဒေသအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဓနုဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ မည်သို့မည်ပုံဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဓနုဒေသတွင်းနေ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ မေးခွန်းကိုဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပေး ရမယ်ဆိုရင်

မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဆင်းရဲမှုလျှော့ချရေးအတွက် ဂျပန်နိုင်ငံအစိုးရမှ ပေးအပ်မည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (Official Development Assistant Loan) ရယူမည့်အစီအစဉ်တွင် ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ ၁၆ ရွာကို ဓာတ်အားပေးရန် ထည့်သွင်းဆွေးနွေးထားပါတယ်။ ၎င်းလုပ်ငန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းမှာ ကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိစေရန် ဒီဇယ်ဓာတ်အားပေးစက်များဝယ်ယူခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၄၀၀ ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ထည့်သွင်းထားပါတယ်။ ချေးငွေရရှိသည်နှင့်တစ်ပြိုက်နက် အမြန်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ အဆိုပါ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ (Official Development Assistant Loan, ODA Loan) သည်နှစ်ရှည်ချေးငွေ ဖြစ်ပြီး အတိုးနည်းနည်းဖြင့် ဆိုင်းငံ့ကာလ ၁၀ နှစ်အပါအဝင် နှစ်ရှည်ပြန်လည်ပေးဆပ်သွားရမှာဖြစ်ပါတယ်။ တတိယမေးခွန်းနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပင်းတယဒေသတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ပင်းတယ ဓာတ်အားခွဲရုံ ကိုတည်ဆောက်ပြီး ၁၁ ကေဗွီ ဓာတ်အားလိုင်းများတည်ဆောက်ပြီး၍ ကျုံးကျေးရွာ၊ ပွေးလှကျေးရွာ များမှာ လျှပ်စစ်ဓာတ်အားရောက်ရှိ အသုံးပြုလျက်ရှိနေပြီဖြစ်ပါတယ်။ ယင်းဒေသမှာ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များက BOT ကဲ့သို့ စနစ်မျိုး ဖြင့်ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပြုလုပ်နိုင်ကြောင်း ဖိတ်ခေါ်ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံလိုသူများ ကမ်းလှမ်းလာပါက တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူများ ညှိနှိုင်းဆွေးနွေးသဘောတူညီမှုရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ ဆောင်ရွက်သွားနိုင်ပါတယ်။

ကျေးရွာများအနေဖြင့် အထက်ပါနည်းလမ်းများအပြင် လျှပ်စစ်ဓာတ်အားကိုဆောလျင်စွာ အသုံးပြုလိုပါက ကျေးရွာမီးလင်းရေးအတွက် အခြားသောကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြတဲ့ ကျေးရွာများနည်းတူ ဒေသအာဏာပိုင်များ၏ ကြီးကြပ်မှုဖြင့် ပြည်သူလူထု၏ သဘောတူညီချက်ရရှိပါက ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီဖွဲ့စည်းပြီး လျှောက်ထားရန်လိုအပ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီအနေဖြင့် မီးလင်းရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားနိုင်ရေးအတွက် အနည်းဆုံး ၂ နှစ်စီမံချက် သို့မဟုတ် ၄ နှစ်စီမံချက်ချပြီး ဆောင်ရွက်

ထားရန်လိုအပ်ပါတယ်။ ပထမနှစ်မှာ တိုင်ထူခြင်း၊ ဒုတိယနှစ်မှာ တန်းတွေ၊ ကြွေသီးတွေ တပ်ဆင်ခြင်း၊ ကြိုးများသွယ်တန်းခြင်းလုပ်ငန်းနှင့် တတိယနှစ်မှာ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ စတုတ္ထနှစ်မှာ မီးဆက်သွယ်ခြင်း၊ မီးလင်းခြင်းလုပ်ငန်းဟူ၍ စီမံချက်ချဆောင်ရွက်သွားနိုင်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးသွားမှာဖြစ်ပြီး လိုအပ်သောနည်းပညာများကိုလည်း ကူညီပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်စေရန် လိုအပ်သောလျှပ်စစ်ဓာတ်အားကို ပြည်ပမှဝယ်ယူပြီး ပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချရန်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ လျှပ်စစ်မီးရရှိရေးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အထူးအရေးကြီးတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်တဲ့ လျှပ်စစ်မီးလိုအပ်ချက်ကို ပြည်တွင်းထုတ်လုပ်မှုနဲ့သာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးများကိုဆောင်ရွက်ရာမှာ နှောင့်နှေး ကြန့်ကြာမှုများဖြစ်နိုင်ပါတယ်။ ဒီလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်စေဖို့အတွက် ပြည်တွင်းလျှပ်စစ်မီးလုံလောက်စွာရရှိရန် ပြည်ပမှလျှပ်စစ်မီး ဝယ်ယူ၍ ပြည်တွင်းမှာပြန်လည်ဖြန့်ဖြူးရောင်းချခြင်းမျိုးဆောင်ရွက်သင့်တယ်လို့ ထင်မြင်မိပါတယ်။ အိမ်နီးချင်း နိုင်ငံများမှာလည်း ဒီလိုဆောင်ရွက်မှုမျိုးများရှိပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းလျှပ်စစ်မီးလုံလောက်စွာရရှိစေရန် လိုအပ်သောလျှပ်စစ်ဓာတ်အားကို ပြည်ပမှဝယ်ယူပြီး ပြည်တွင်းမှာဖြန့်ဖြူးရောင်းချရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်း၏မေးခွန်းကို ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့လျှပ်စစ်ဓာတ်အားစနစ်တွင် ရေအားလျှပ်စစ်စက်ရုံများရဲ့ စက်တပ်ဆင်အင်အား ပမာဏမှာ ၇၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံများရဲ့ သဘောသဘာဝအရ မိုးရာသီမှာ ဓာတ်အားအပြည့်အဝထုတ်လုပ်ပေးနိုင်သော်လည်း နွေရာသီမှာ ထုတ်လုပ်မှုလျော့နည်းလေ့ရှိပါတယ်။ ဓာတ်အားစနစ်အတွင်း နွေရာသီကာလတွင်သာ ဓာတ်အားမလုံလောက်မှုဖြစ်ပေါ်လေ့ရှိပြီး ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ ဆောလျှင်စွာ တည်ဆောက်လျက်ရှိနေပါတယ်။ ဆက်လက်ပြီး တိုးတက်တောင်းခံလာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို နှစ်အလိုက်လိုအပ်ချက်အပေါ်မူတည်၍ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်း များကို တည်ဆောက်သွားခြင်းအားဖြင့် ဓာတ်အားလုံလောက်စွာဖြန့်ဖြူးနိုင်ရန် ရေရှည်အစီအမံ များချမှတ်ဆောင်ရွက်ထားပါတယ်။

ပြည်ပနိုင်ငံများမှ ဓာတ်အားဝယ်ယူရေးဆောင်ရွက်ရာမှာ နိုင်ငံတော်ဓာတ်အားစနစ်နှင့် အိမ်နီးချင်းနိုင်ငံများရဲ့ ဓာတ်အားစနစ်ဖြင့်ချိတ်ဆက်၍ ဓာတ်အားဝယ်ယူခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသောနယ်မြေများတွင် အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဝယ်ယူခြင်းဟူ၍ နည်းလမ်း ၂ မျိုးရှိနေပါတယ်။ လက်ရှိအခြေအနေအရ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အား လုံလောက်မှုမရှိတဲ့အတွက် ပြည်ပနိုင်ငံများမှဓာတ်အားဝယ်ယူရမည်ဆိုပါက ဓာတ်အားစနစ် အချင်းချင်းချိတ်ဆက်နိုင်ရန် မဟာဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံကြီးများတည်ဆောက်ရမှာ ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီလုပ်ငန်းကို ဆောင်ရွက်ရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယနည်းလမ်းအနေဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ဆက်စပ်နေသော တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မောတောင်ကျေးရွာ၊ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၊ ဘုရားသုံးဆူနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်တို့မှာ ထိုင်းနိုင်ငံမှဓာတ်အားဝယ်ယူပြီး သုံးစွဲလျက်ရှိပါတယ်။ အလားတူ အိမ်နီးချင်းနိုင်ငံများနဲ့ဆက်စပ်နေသော ကျန်ဒေသများတွင်လည်း သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့များအနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများမှ အိမ်နီးချင်းနိုင်ငံများရဲ့ဓာတ်အားကို ရယူကာ အသေးစားနှင့် အလတ်စားဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်တင်ပြလာပါ ကလည်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အသေးစား၊ အလတ်စားရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် BOT စနစ်ဖြင့် အများပိုင်ကုမ္ပဏီများအား ခွင့်ပြုအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်လိုအပ်ချက်ဟာ အခုလိုဖြစ်ပေါ် နေတာဟာ အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လျှပ်စစ်ကို နိုင်ငံတော်အစိုးရက နေပြီးတာဝန်ယူပြီးတော့ ထုတ်လုပ်ဖြန့်ဖြူးပေးနေတာဖြစ်တဲ့အတွက် နိုင်ငံတော်တစ်ဝန်းလုံးမှာ စီမံကိန်းတွေချပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့လူဦးရေတိုးလာမှု၊ သုံးစွဲသူများပြားလာမှုကြောင့် လိုအပ်ချက်ဟာအမြဲတမ်းဖြစ်ပေါ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရပ်ရွာတွေမှာ တစ်ပိုင်တစ်နိုင် ကိုယ့်အားကိုယ်ကိုး အသေးစား၊ အလတ်စားထုတ်လုပ်ပြီးတော့ ကိုယ့်ရပ်ရွာကို မီးလင်းဖို့အတွက်ကြိုးစားနေကြတာဖြစ်ပါတယ်။ ပဲခူးတိုင်း ပြည်ခရိုင်မှာ တောင်နဝင်း ဆည်ဆိုတာရှိပါတယ်။ အဲ့ဒီ တောင်နဝင်းဆည်ဟာ အရင်စီမံကိန်းတုန်းက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် စီမံကိန်းမှာ ဒီဇိုင်းရေးဆွဲပြီးတော့ ပိုက်ကြီးများကိုချန်ထားခဲ့တာဖြစ်ပါတယ်။ အဲ့ဒီ အငုတ်နဲ့အတူ လျှပ်စစ်ထုတ်လုပ်နိုင်ဖို့အတွက် ကျွန်တော်ဟာ ပထမအကြိမ် စတုတ္ထအစည်းအဝေးမှာ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့ကိုကူညီပေးနိုင်မလားလို့ ကျွန်တော်ကြယ်ပွင့်ပြမေးခွန်းမေးခဲ့ပါ တယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒါကိုတော့ လုပ်ဖို့အစီအစဉ်မရှိသေးဘူး။ BOT နဲ့

လုပ်ရင်တော့ဖြစ်နိုင်တယ်ဆိုပြီးတော့ ဖြေကြားခဲ့ပါတယ်။ အဲ့တော့ ပဲခူးတိုင်းဒေသကြီး တောင်ငူမှာ သောက်ရေခပ်(၂)ဆိုတဲ့စီမံကိန်းဟာ အဲ့ဒီလိုအကောင်အထည်ဖော်ခဲ့ပြီးတော့ အခုအချိန်ဆိုရင် မီးကလည်းရရှိပြီးဖြစ်ပါတယ်။ အဲ့ဒီရဲ့အတွေ့အကြုံကိုသိလိုတဲ့အတွက် ကျွန်တော်အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်ခင်ဗျား-

(၁) သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းအား အကြိုစူးစမ်းလေ့လာမှုများ ပြုလုပ်ရာမှာ နိုင်ငံတော်ပိုင်ငွေကြေးဖြင့်ဆောင်ရွက်ခဲ့ပါသဖြင့် ငွေကြေးမည်မျှကုန်ကျခဲ့ပါသလဲ။ အချိန်မည်မျှကြာခဲ့ပါသလဲ။

(၂) ပုဂ္ဂလိကကုမ္ပဏီများနဲ့ဆောင်ရွက်ရာမှာ

(က) ကုမ္ပဏီကကုန်ကျခဲ့တဲ့ပြည်တွင်းငွေကြေးပမာဏ

(ခ) နိုင်ငံတော်အစီအစဉ်ဖြင့်ချေးပေးခဲ့တဲ့ နိုင်ငံခြားငွေပမာဏ၊ အတိုးနှုန်း၊ ပေးဆပ်ရသည့် ကာလ

(၃) ကုမ္ပဏီနဲ့အဆိုပြုစဉ်ကတွက်ချက်တင်ပြထားတဲ့

(က) Pay out Time

(ခ) Internal Rate of Return-IRR

(ဂ) Discount Rate

(ဃ) Profit to Investment Ratio

(င) Life Circle Analysis များပြုလုပ်ခဲ့ခြင်းရှိ/မရှိ

(၄) ယခုအခါ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းပြီးစီးသည့်အတွက် နိုင်ငံတော်ဓာတ်အားစနစ်ကိုရောင်းချရာမှာ အရောင်းအဝယ်စာချုပ် (Power Parching Agreement-PPA) ချုပ်ဆိုရာမှာ မည်သည့်နှုန်းထား၊ မည့်သည့်ကာလချုပ်ဆိုခဲ့ပါသလဲ။

(၅) ကုမ္ပဏီမှဓာတ်အားခနှုန်းထားများကို စီမံကိန်းကုန်ကျငွေအပေါ်မှာ မူတည်ပြီးတွက်ချက်ရာမှာ

(က) နှစ်စဉ်ကုန်ကျငွေများအပေါ်မှာမူတည်ပြီးတော့ နှစ်စဉ်တောင်းခံပါသလား။

(ခ) နှစ်ရှည်ကာလ (Multi Year Turret-MYT) စနစ်ဖြင့်တောင်းခံပါသလား။

(ဂ) ကုမ္ပဏီ၏ကုန်ကျမှုအပေါ်မူတည်သည့် Cost Plus Method စနစ်ဖြင့် တောင်းခံပါသလား။

(ဃ) စက်ရုံလုပ်ဆောင်မှုအပေါ်မူတည်သည့် Performance Base Regulation စနစ်ဖြင့် တောင်းခံပါသလားဆိုတဲ့အချက်များကို

သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းအပိုဒ် (က) နှင့်ပတ်သက်၍ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်း၏ အကြိုစူးစမ်းလေ့လာခြင်းလုပ်ငန်းများ၊ အကြို တည်ဆောက်မှုလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည် ဖော်ရေးဦးစီးဌာနအနေဖြင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အထိ ၃ နှစ်ကြာ နိုင်ငံတော်ပိုင်ငွေကြေးပမာဏ ၅၆၃ သန်းကျပ်အား စိုက်ထုတ်သုံးစွဲ၍ဆောင်ရွက်ခဲ့ ပါတယ်။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သောက်ရေခပ်(၂)ရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်သို့ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ကို ၇-၁၁-၂၀၀၇ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ စိုက်ထုတ်သုံးစွဲထားသည့်ငွေများအနက် ၇-၁- ၂၀၁၁ ရက်နေ့မှာ ကျပ်သန်း ၅၀ အားလည်းကောင်း၊ ၃၁-၁၂-၂၀၁၂ ရက်နေ့မှာ ကျပ် ၅၁၃ သန်း အားလည်းကောင်း ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ ရေအားလျှပ်စစ်အကောင်အထည် ဖော်ရေးဦးစီးဌာနသို့ ပြန်လည်ပေးချေခဲ့ပြီးဖြစ်ပါတယ်။

မေးခွန်းအပိုဒ်(ခ)(ဂ)(ဃ)နှင့်ပတ်သက်၍ တစ်ပေါင်းတည်းပြန်လည်ဖြေဆိုပေးပါမယ်ခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြခဲ့သည့် အဆိုပြုလွှာတွင် သောက်ရေခပ်(၂)ရေအား လျှပ်စစ်စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ပြည်တွင်းငွေကျပ်သန်းပေါင်း ၂၃၄၉၄၃.၆၇၄ သန်း၊ အမေရိကန်ဒေါ်လာ ၈၈.၉၂၈ သန်းအပါအဝင်ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲများမှ တိုင်းရင်းသားလုပ်ငန်းရှင်များကို နိုင်ငံတော်ရဲ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်အစီအစဉ်ဖြင့် နိုင်ငံခြားချေးငွေများကို ရရှိနိုင်ရေးအတွက်ကူညီဆောင်ရွက်ပေးခဲ့ရာ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China မှ Preferential Buyer's Credit အဖြစ် အမေရိကန်ဒေါ်လာ ၆၃.၉ သန်းကိုချေးယူရရှိခဲ့ပါတယ်။ ချေးငွေကိုတစ်နှစ်လျှင်အတိုး ၃ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၅ နှစ်၊ အရစ် ၂၀၊ တစ်ရစ်လျှင်အမေရိကန်ဒေါ်လာ ၃၄၅၆.၀၀၀ သန်းစီဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်ပေးဆပ်ရပါမည်။ စုစုပေါင်းပေးဆပ်ရမည့်ကာလမှာ ၁၀ နှစ်ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ အဆိုပြုတင်ပြလာသည့် စီးပွားရေးဆိုင်ရာတွက်ချေကိုက်မှုစိစစ်ချက် (Financial Analysis - FA ) ကို ဝန်ကြီးဌာနမှအပြန်အလှန်သုံးသပ်လျက်ရှိရာ အချက်အလက်များမှာအောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) ပြည်တွင်းရင်းနှီးမှုပမာဏ ပြည်တွင်းကျပ်သန်းပေါင်း ၂၃၄၉၄၃.၆၇၄၊ ပြည်ပငွေ အမေရိကန်ဒေါ်လာ ၈၈.၉၂၈ သန်းဖြစ်ပါတယ်။

(ခ) ကုန်သွယ်ခွန်ကင်းလွတ်ခွင့်

(ဂ) ကုန်သွယ်ခွန်ပေးဆောင်မှု

(ဃ) ဝင်ငွေခွန်ကင်းလွတ်ခွင့်

(င) ဝင်ငွေခွန်ပေးဆောင်မှုစသည်တို့ကို နိုင်ငံတော်မှလက်ရှိထုတ်ပြန် ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(စ) ဓာတ်အားခပါတစ်ယူနစ်နှင့် Internal Rate of Return (IRR) တို့ကို Win-Win Situation ဖြစ်စေရန်အတွက် တွက်ချက်ညှိနှိုင်းဆဲဖြစ်ပါတယ်။

အထက်ပါအပိုဒ်မှာဖော်ပြပါရှိသည့် ရင်းနှီးမြှုပ်နှံမှုပမာဏအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြခဲ့ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၁-၉-၂၀၁၂ ရက်နေ့တွင်ကျင်းပခဲ့

သည့် (၂၉/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးမှအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါတွင် သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းပြီးစီးနေပြီဖြစ်၍ စီမံကိန်းမှထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ကြိုတင်စာရင်းမှတ်စနစ်ဖြင့်ဝယ်ယူဖြန့်ဖြူးလျက်ရှိပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည့်ဌာနအနေဖြင့် ထွက်ရှိလာသည့်ဓာတ်အားအနက် ဝယ်ယူမည့်ဓာတ်အား ပမာဏရာခိုင်နှုန်း၊ ဓာတ်အားခနှုန်းထားများနှင့်ပတ်သက်၍ အကြိမ်ကြိမ်အသေးစိတ်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် နောက်ဆုံးမေးခွန်းဖြစ်သည့် အပိုဒ်(င)အတွက် ရွှေစွမ်းအင်ကုမ္ပဏီမှဓာတ်အားခနှုန်းထားများကို စီမံကိန်းကုန်ကျငွေအပေါ် မူတည်၍တွက်ချက်ရာတွင် နှစ်စဉ်ကုန်ကျငွေများအပေါ်အခြေခံလျက် နှစ်စဉ်တင်ပြတောင်းခံသွားရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်စပ်တည်းမေးခွန်းကို မေးခွင့်ပြုပါခင်ဗျား။ အခု ဒီမေးခွန်းကို ကျွန်တော်မေးခဲ့တာက ကျွန်တော်တို့ ပဲခူးတိုင်း တောင်နဝင်းဆည်မှာ လျှပ်စစ်ဓာတ်အား ၂.၂ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်နိုင်တဲ့ကိစ္စကို နိုင်ငံတော်အစိုးရကနေ ပြီးတော့ ဘယ်လိုကူညီနိုင်မလဲဆိုတာကို တစ်ဆက်တစ်စပ်တည်းမေးချင်တာဖြစ်ပါတယ်။ မေးခွန်းကတော့ တောင်နဝင်းအတွက် အကြိုစူးစမ်းလေ့လာမှုများပြုလုပ်နိုင်ဖို့ နိုင်ငံတော်အစိုးရက ကူညီပေးနိုင်ပါသလား။ အစီအစဉ်ရှိပါသလား။ နံပါတ် ၂ က နိုင်ငံခြားချေးငွေရဖို့ရော ကူညီပေးနိုင်ဖို့အစီအစဉ်ရှိပါသလား။ ကျွန်တော်မေးလိုပါတယ်။ ဒါပေမယ့် အစီအစဉ်ရှိပါသလားလို့မေးတဲ့အခါတိုင်းမှာ ဖြေသွားမှာကို ကျွန်တော်စိုးရိမ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလျှပ်စစ်နှင့်ပတ်သက်လို့ပြဿနာတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ပြည်မှာဆိုရင် ပြီးခဲ့တဲ့နှစ်ကလည်း ဖယောင်းတိုင်မီးထွန်းပြီးတော့ ဆန္ဒတွေပြကြတယ်။ ဒီနှစ်မှာလည်း ပြီးခဲ့တဲ့အပတ်ထဲမှာပဲ ဆန္ဒတွေပြကြတယ်။ အဲ့ဒီအချိန်မှာ သူတို့ကို ကျွန်တော်တို့ရှင်းပြတာက နိုင်ငံတော်အစိုးရကရှိတာကိုတော့ မျှပေးနေတယ်။ ကျွန်တော်တို့ပြည်သူကလည်း ကူညီကြရမယ်။ အဲ့ဒီကြောင့်မို့လို့ ကျွန်တော်တို့ပြည်သူကူညီနိုင်တဲ့ဟာတွေ ဘာတွေရှိသလဲဆိုတော့ ကျွန်တော်တို့ပြည်ပိုင်းမှာ ခုနက တောင်နဝင်းဆည်ကနေပြီးတော့ လျှပ်စစ်ထုတ်နိုင်ဖို့အခြေအနေရှိပါတယ်။ အဲ့တော့ သူတို့ကိုပြောတာ လွှတ်တော်ကြီးကနေတစ်ဆင့် နိုင်ငံတော်အစိုးရကိုအကူအညီတောင်းမယ်လို့ဆိုပြီးတော့ ဒါကို သူတို့ကို ကျွန်တော်ပြောခဲ့ပါတယ်။ ဒီရောက်တော့ လွှတ်တော်မှတစ်ဆင့်မေးကြတဲ့အခါမှာ အစီအစဉ်ရှိ/မရှိဆိုပြီး မေးကြရတာဖြစ်

ပါတယ်။ အဲ့တော့ ဒီတာဝန်ရှိပုဂ္ဂိုလ်များကလည်း အစီအစဉ်ရှိရင်ရှိ၊ မရှိရင် မရှိလို့ဖြေကြပါတယ်။ ဒါပေမယ့် လွှတ်တော်မှာအကူအညီတောင်းပါတယ်။ အကူအညီပေးပါရန်ဆိုရင်တော့ အကူအညီ မကူညီနိုင်ဘူးလို့ဖြေမှာမဟုတ်တဲ့အတွက် ဒီမေးခွန်းကို ကူညီပေးပါရန်ဆိုပြီးတော့ လွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ ဒီမေးခွန်းနှင့်ပတ်သက် ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြသွားပါ့မယ်။ ပထမတစ်ကြိမ် ဒီတောင်နဝင်းဆည်က ရေအားလျှပ်စစ်ထွက်နိုင်ချေ ၂ မဂ္ဂါဝပ်ရှိတဲ့အတွက် ဆည်လည်းတည်ဆောက်ပြီးတာကြာပြီဖြစ်လို့ အဲဒီမှာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မယ်ဆိုရင် ထွက်ရှိလာမယ့်ဓာတ်အားနဲ့ လုပ်ဆောင်ရမယ့် စူးစမ်းလေ့လာမှုနှင့် ဆည်ရဲ့ခိုင်ခံ့မှုတို့ကိုသေချာတွက်ချက်ပြီးလုပ်ရမှာဖြစ်ကြောင်း၊ တည်ဆောက်ရမှာ ခက်ခဲကြောင်းတွေ့ရှိရတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ထွက်ရှိလာတဲ့ဓာတ်အား တွက်ချေကိုက်မှုနည်းပါး တယ်ဆိုပြီးတော့မှ ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ တကယ်လို့များ ဒါကိုဆက်လက်ပြီးတော့မှ စူးစမ်းလေ့လာ မှုလုပ်မယ်ဆိုရင်တော့ ဝန်ကြီးဌာနအနေနဲ့ လိုအပ်သောကူညီမှုများ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါ ကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီမြစ်ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ ရှေ့အလားအလာများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးအေးဖေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဖေ(ကိုကိုးကျွန်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေ ဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူးလည်း တာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီအနေနဲ့ မေးခွန်းကိုမေးမှာဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလျာထားချက် ရှေ့အလားအလာများနှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ် ပါတယ်ခင်ဗျား။ ဤမေးခွန်းကိုမေးရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ မေးခွန်းဖြစ်ပေါ်လာတဲ့ အကြောင်း

အရာကတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ဧရာဝတီမြစ်ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ဖို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဦးစီးပြီးတော့ ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှာ မီဒီယာများနှင့် တွေ့ဆုံပြီးတော့ ဧရာဝတီမြစ်ကြီးကို မည်သို့မည်ပုံ တိုးတက်အောင်ဆောင်ရွက်သွားမည်ကို ရှင်းလင်း ပြောကြားတဲ့ အစည်းအဝေးတစ်ရပ်လုပ်ခဲ့ပါတယ်။ ထို့အတူပဲ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ မှာလည်း ၎င်းအစည်းအဝေးနှင့်အလားတူ အစည်းအဝေးတစ်ရပ်ကို နေပြည်တော်မှာရှိတဲ့ ပို့ဆောင် ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ အခြားဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဝန်ကြီးများ တက်ခဲ့ပါတယ်။ ကျွမ်းကျင်ပညာရှင်များလည်းတက်ခဲ့ပါတယ်။ နိုင်ငံခြား သားပညာရှင်များလည်း တက်ခဲ့ပါတယ်။ လိုအပ်ချက်များကို ဆွေးနွေးပါတယ်။ အဲဒီအစည်းအဝေး ၂ ခုမှာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားတဲ့အခါမှာ နိုင်ငံတော် သမ္မတကြီးမှ ဧရာဝတီမြစ်ကြီးကို သားစဉ်မြေးဆက် ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး တန်ဖိုးမြင့် သုံးစွဲနိုင်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရေးတို့ကို ဖြစ်နိုင်ချေများ စူးစမ်းလေ့လာပြီး ပတ်ဝန်းကျင်ဒေသအတွင်း နိုင်ငံခြားကို ရင်ပေါင်တန်းနိုင်ရေးအတွက် ဆောင်ရွက် သင့်သော အစီအမံများကို ဖော်ထုတ်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း လမ်းညွှန်ခဲ့ပါတယ်လို့ မိန့်ကြားခဲ့ ပါတယ်။ ဒါ့အပြင်မှာလည်း ပြည်ထောင်စုဝန်ကြီးက ဧရာဝတီမြစ်ကြီးပေါ်မှာ မြစ်ဖြတ်ရေတားတမံ အသေး (Low Head Dam) ပေ ၃၀ အမြင့်များကို တည်ဆောက်နိုင်ပါတယ်။ အဲဒီလို တည်ဆောက် မယ်ဆိုလို့ရှိရင် ရေကြောင်းသွားလာမှုမှာ ရေကြောင်းရေနက်မှု ပိုမိုရရှိပြီး ရေကြောင်းသွားလာမှု ပိုမို ချောမွေ့လာပါမယ်။ သောက်သုံးရေလုံလောက်စွာ ရရှိလာပါမယ်။ စိုက်ပျိုးရေအလုံအလောက် ဖြန့်ဝေပေးနိုင်ပါမယ်။ လျှပ်စစ်ဓာတ်အားလည်းထုတ်နိုင်ပါမယ်။ ဒါ့အပြင်မှာ အထူးစီးပွားရေးဇုန် များကို ဖွံ့ဖြိုးလာစေဖို့အတွက် အထောက်အကူပြုနိုင်ခြင်းစတဲ့ ရလဒ်ကောင်းများ ရရှိနိုင်မှာဖြစ်ပါ တယ်လို့ ဆွေးနွေးသွားတာ ကြားသိရပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ ပြောကြားချက်များဟာ ကျွန်တော်တို့နိုင်ငံအနာဂတ်တည်ဆောက်ရေးအတွက် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာအထောက်အကူပြုနိုင်မယ့် စီမံကိန်းတစ်ရပ်ဖြစ်သည့် အတွက် ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရှင်းလင်းပြခဲ့တဲ့ မြစ်ဖြတ်ရေတားတမံအနိမ့်စားများဟာ အခုမှကျွန်တော်နိုင်ငံမှာဆောက်ဖို့စီစဉ်တုန်းပဲရှိပါသေးတယ်။ ဥရောပနိုင်ငံမှာပဲဖြစ်ဖြစ်၊ အမေရိကန်

နိုင်ငံမှာပဲဖြစ်ဖြစ် တည်ဆောက်ပြီးဖြစ်နေကြပါတယ်။ ဥပမာပြောရမယ်ဆိုရင် ဒင်းညူမြစ်ဖြတ်သန်းစီးဆင်းတဲ့ ဩစတြေးလျနိုင်ငံမှာ ဒီလို ရေတားတမံ ၉ ခုကို ၁၉၅၉ ခုနှစ်ကစပြီးတော့ ဆောက်ခဲ့တာ လေ့လာတွေ့ရှိရပါတယ်။ ထို့အတူပဲ အမေရိကန်နိုင်ငံမှာရှိတဲ့ မစ္စစ္စပီမြစ်ရဲ့ အထက်ပိုင်းမှာ မြစ်ဖြတ်အနိမ့်စားရေတားတမံ ၂၇ ခုကို ၁၉၃၀ ခုနှစ်က စတင်ပြီးတော့ တည်ဆောက်ခဲ့တယ်ဆိုတာကိုလည်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ မြစ်များနဲ့ ပတ်သက်ပြီးတော့ အလွန်အင်မတန်ကံကောင်းတဲ့နိုင်ငံဖြစ်ပါတယ်။ ကိုယ်ပိုင်မြစ်ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ မြစ်ရေကိုခွဲဝေသုံးစွဲစရာမလိုပါဘူးခင်ဗျား။ အခြားနိုင်ငံဘက်မှာ ဒီအခက်အခဲတွေနဲ့ များစွာပြဿနာဖြစ်ရပါတယ်။ ထို့အတူပဲ ကျွန်တော်တို့မြစ်များဟာ အရှေ့ကနေ အနောက်ကိုကြည့်မယ်ဆိုရင် သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ကုလားတန်မြစ်ဆိုပြီးတော့ မြစ်များရှိကြပါတယ်။ သွားရေးလာရေးလည်း အသုံးတည့်ပါတယ်။ အဲဒီထဲမှာမှ ထူးခြားတာကတော့ ဧရာဝတီမြစ်ဖြစ်ပါတယ်။ ဧရာဝတီမြစ်ဟာ မေခမြစ်၊ မလိခမြစ် ပေါင်းဆုံတဲ့ မြစ်ဆုံကနေပြီးတော့ ပင်လယ်ဝအထိ မိုင်ပေါင်း ၁၃၀၀ ကျော်ကို ဖြတ်သန်းစီးဆင်းနေပါတယ်။ အမြင့်ကနေ အနိမ့်ကိုစီးတဲ့အတွက်ကြောင့် မြစ်ဆုံကနေ ပင်လယ်ဝအထိ အနိမ့်အမြင့် ကွာခြားချက်ဟာ ၄၉၂ ပေရှိပါတယ်။ အဲ့ဒီတော့ ပေ ၃၀ အမြင့် မြစ်ဖြတ်ရေတားတမံဆည်များကို တည်ဆောက်မယ်ဆိုရင် ၁၅ ခုခန့်အနည်းဆုံး တည်ဆောက်နိုင်တဲ့အနေအထားရှိပါတယ်။ ဒါ့အပြင် ဧရာဝတီမြစ်ဟာ မြန်မာပြည်အလယ်ပိုင်းကို ဖြတ်သန်းစီးဆင်းရတဲ့အတွက်ကြောင့် တိုင်းနှင့်ပြည်နယ် ၇ ခုကို အကျိုးပြုသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ ထို့အပြင် ဧရာဝတီမြစ်ကြီးဟာ မေခမြစ်၊ မလိခမြစ်ပေါင်းဆုံပြီးတော့ မြစ်ဆုံကနေစီးခဲ့တဲ့နောက်မှာ ချင်းတွင်းမြစ်ဆီကိုဝင်ရောက်ပါတယ်။ ဒါ့အပြင်မှာ ချင်းတွင်းမြစ်မှအပ ကျန်တဲ့မြစ်ငယ် ၃၁ စီးဟာ ဧရာဝတီမြစ်ထဲကို ဒေသအပိုင်းအခြားအလိုက် စီးဝင်ခဲ့ပါတယ်။ ဒါကြောင့် ရေအရင်းအမြစ် ပေါလျှံပေါများမှုဟာလည်း အံ့မခန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဧရာဝတီမြစ်ကြီးကို ကျွန်တော်တို့ စနစ်တကျသာ သုံးစွဲနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် ပိုမိုပြီးတော့ အကျိုးတွေဖြစ်ထွန်းမယ်လို့ မှတ်ယူရပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ တန်ဖိုးကြီးတဲ့ သဘာဝအမွေအနှစ်ဖြစ်တဲ့ ဧရာဝတီမြစ်ကြီးကို အကျိုးရှိအောင်ဆောင်ရွက်နိုင်ဖို့အတွက် EIA, SIA စတဲ့ ဘေးထွက်ဆိုးကျိုးများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ပြီး Water Management System ကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းနဲ့ဆောင်ရွက်မယ် ဆိုလို့ရှိရင်

ကျွန်တော်တို့ ဧရာဝတီမြစ်ကြီးက တန်ဖိုးကြီးမားသော ရလဒ်များ ပြန်လည်ပေးနိုင်စွမ်းရှိပါတယ် ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဧရာဝတီမြစ်ကြီးနှင့်ပတ်သက်လို့ မေးခွန်းကိုတော့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုပါတယ်။ ဒါကတော့ ဧရာဝတီမြစ်ကြီး ပြုပြင်ထိန်းသိမ်းရေး ဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းဆိုင်ရာ ရှေ့အလား အလာများနှင့်စပ်လျဥ်းပြီး သိသင့်သိထိုက်တဲ့ကိစ္စရပ်များကို ပြည်သူတစ်ရပ်လုံးသိရှိနိုင်ရန် ရှင်းလင်း ပေးပါရန် ရေကြောင်းပို့ဆောင်ရေးကော်မတီအနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်း မဲဆန္ဒနယ် ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးမှုကော်မတီ အတွင်းရေးမှူး ဦးအေးဖေရဲ့ မေးခွန်းကို ကျွန်တော်မှ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဒီမေးခွန်း မေးမြန်းပေးပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေကို ကျေးဇူးတင်ကြောင်း ပဏာမ ပြောကြားအပ်ပါတယ်။ ထို့အပြင် ဒီဧရာဝတီမြစ်နှင့်ပတ်သက်လို့လည်း ပြည့်ပြည့်စုံစုံ ရှင်းလင်း တင်ပြသွားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော် ကျွန်တော် ဧရာဝတီမြစ်နှင့် ပတ်သက် ပြီးတော့ အနည်းငယ် ဒီအခြေခံလေးကို ရှင်းလင်းတင်ပြသွားပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရေအရင်းအမြစ်ကြွယ်ဝပြီးတော့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်စတဲ့ မြစ်ကြီး များကြောင့် ရေကြောင်းသွားလာရေးအတွက် အလားအလာကောင်းများရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီ မြစ်ကြီးတွေအနက် ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံအလယ်မှာဖြတ်သန်းပြီးတော့ မြောက်ကနေ တောင်ကို စီးဆင်းပြီးကုန်စည်ပို့ဆောင်ရေး၊ ကူးသန်းသွားလာရေးနှင့် စိုက်ပျိုးရေးတို့အတွက် အဓိက ကျတဲ့ ပင်မရေလမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ ဧရာဝတီမြစ်ဟာ မြစ်ကြီးနားကနေ ရန်ကုန်အထိ စုစုပေါင်း ကီလိုမီတာ ၂၀၀၀ ခန့်ရှည်လျားပြီးတော့ ရေလမ်းကြောင်းအသုံးပြုနိုင်တဲ့ ပမာဏကတော့ ဗန်းမော်ကနေ ရန်ကုန်အထိကို ၁၃၃၀ ကီလိုမီတာခန့်ရှိပါတယ်။ ဧရာဝတီမြစ်အတွင်းမှာ မိုးရာသီ

ရေများချိန်များနဲ့ နွေရာသီရေနည်းချိန် ရေမျက်နှာပြင်ကွာခြားချက်ကတော့ အနည်းဆုံး ၇ မီတာ (ပေ ၂၀) ခန့်ကနေ အများဆုံး ၁၃.၅ မီတာ (ပေ ၄၀) ခန့်အကြားမှာရှိပါတယ်။ မြစ်တို့ရဲ့ သဘာဝ မြစ်ကြောင်း ပြောင်းလဲမှုများကြောင့်လည်းကောင်း ရေဝေရေလဲဒေသအတွင်း သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့် မြစ်အတွင်းသို့ စီးဝင်တဲ့ ရေထုထည်ပမာဏ နည်းပါးလာခြင်းကြောင့် လည်းကောင်း၊ မြစ်ကြောင်းအတွင်း အနယ်ပို့ချမှုများပြားလာခြင်းကြောင့်လည်းကောင်း နွေရာသီ ရေနည်းကာလတွေမှာ ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာရေးအတွက် ရေကြောင်း ကြပ်တည်း မှုများဖြစ်ပေါ်ခဲ့ပြီးတော့ မြစ်ကြောင်းထိန်းသိမ်းရေးနှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိလာရပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဧရာဝတီမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်မြောက်လာမှုအခြေအနေ လေ့လာရေးစီမံကိန်းတွေကို ၁၉၈၆ ခုနှစ်ကတည်းက စတင်ပြီးတော့ UNDP နှင့် World Bank တို့ရဲ့ ထောက်ပံ့မှုနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဖြစ်မြောက်နိုင်မှု လေ့လာရေးလုပ်ငန်းတွေ့ရှိချက် အစီရင်ခံစာအရ ဧရာဝတီမြစ်အတွင်း ရေကြောင်းကြပ်တည်းတဲ့ နေရာတွေမှာ မြစ်ကြမ်းပြင်ပြုပြင်ထိန်းသိမ်းရေးနည်းစနစ် (Bed Regulation Method) ဖြင့် ထိန်းသိမ်းရန် နယ်သာလန်နိုင်ငံ Royal Haskoning ConSultants များမှ အကြံပြုခဲ့ပါတယ်။ ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြစ်ကြမ်းပြင် ပြုပြင်နည်းစနစ် (Bed Regulation Method) နဲ့ ကျွန်တော်တို့ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ဧရာဝတီမြစ်အတွင်းမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေအတွက် စုစုပေါင်းငွေ ၇၈၃.၅၇ သန်း ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စုစုပေါင်း ၁၉၉၃.၉၅၄ သန်း စုစုပေါင်း ၂ ခု ပေါင်း ၂၇၇၇.၅၂၄ သန်း သုံးစွဲပြီးတော့ မြေထိန်းနံရံ ၃၀၅၅ မီတာ မျှောတိုင်တန်း ရေကာ ၁၂၇၇၀ မီတာ၊ မျှောတိုင်တန်း ကျောက်ဖြည့်ရေကာ ၁၅၄၀ မီတာ၊ ကျောက်စီရေကာ ၁၄၉၃၀ မီတာ၊ မျှောကရစ်တန်း ၅၆၂ စတုရန်းကီလိုမီတာ၊ သဲမွေ့ယာ ၇၃၄ စတုရန်းကီလိုမီတာ၊ သောင်ထိန်း လုပ်ငန်း ၂၅၇၈ မီတာ၊ သောင်တူးလုပ်ငန်း ၇၀၈၀၄၅ ကုဗမီတာ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်ပေါင်း ၃၉၀.၉၇ သန်းဖြင့် ဗန်းမော် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ လက်ဆောင်ယူရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ မကွေးမြို့ကမ်းရင်း ကျွန်းရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ဖလံရုံအဆင်း ရေလမ်းအတွင်း၊ ရုံးဆိပ်ကျွန်း ရေလမ်းကောင်း မွန်ရေးလုပ်ငန်း၊ ရွှေတောင်မြို့နယ် ကွေ့မယင်းမူကုန်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ တောင်သာ မြို့နယ် ဆင်မင်းရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ လောကနန္ဒာဘုရားရင်ပြင်တော် အောက်ခြေရေ

လမ်းပိုင်းပြုပြင်ရေးလမ်းပိုင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံများမှာ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို မြစ်ကြမ်းပြင်ပြုပြင်ရေးနည်းစနစ်အပြင် မြစ်ရေပြင် ထိန်းချုပ်သော နည်းစနစ် Water Level Control ဖြင့်ဆောင်ရွက်ကြကြောင်းကိုလည်း လေ့လာ တွေ့ရှိရပါတယ်။ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေတင်ပြသွားသလိုပဲ ကမ္ဘာပေါ်မှာ ရှိတဲ့ ထင်ရှားတဲ့မြစ်ကြီးများဖြစ်ကြတဲ့ မစ္စစ္စပီမြစ်၊ ဒင်းညုမြစ်တို့တွေမှာ မြစ်ရေပြင်ထိန်းချုပ်တဲ့ နည်းစနစ်နဲ့ Weir တွေ Navigation Lock တွေတွဲဖက်တည်ဆောက်ပြီးတော့ ရေကြောင်းသွားလာ ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေ ရရှိရေးအစရှိသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဧရာဝတီမြစ်ပေါ်မှာလည်း အထက်ပါ မြစ်များ ကဲ့သို့ ဆောင်ရွက်ရန် မြစ်ရေလမ်းကြောင်းပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်နိုင်ရေးကို ကနဦး လေ့လာ ဆောင်ရွက်ခဲ့ပါတယ်။ ဧရာဝတီမြစ်ပေါ်မှာ မြစ်ရဲ့သဘာဝ Slope ကွာခြားချက်ပေါ်မူတည် ပြီးတော့ မြစ်ကြီးနား ကနေ ဟသ်ာတအထိ ရေတားတမံ အနိမ့် (Weir) ၁၆ ခုတည်ဆောက်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဧရာဝတီမြစ်ပေါ်မှာ ရေတားတမံ အနိမ့် (Weir) တွေ အဆင့်ဆင့် တည်ဆောက်နိုင်မယ်ဆိုရင် ရေကြောင်းသွားလာမှုအဆင်ပြေချောမွေ့ခြင်း၊ သန့်စင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ခြင်း၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြေလာနိုင်ခြင်း၊ ရာသီဥတုတိုးတက်ကောင်းမွန်နိုင်ခြင်း၊ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ခြင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာနိုင်ခြင်း အစရှိတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွေရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းဆောင်ရွက်ဖို့အတွက်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လကတည်းက စပြီးတော့ သက်ဆိုင်ရာများကိုလည်း တင်ပြပြီးတော့ နိုင်ငံခြားကျွမ်းကျင်ပညာရှင်တွေ လိုအပ်တဲ့အတွက်ကြောင့် မို့လို့ ဂျပန်နိုင်ငံ၊ ဥရောပကနိုင်ငံတွေနဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ ဖလန်းဒါး ပြည်နယ်အစိုးရကနေပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းကူညီဖို့တွေရရှိခဲ့ပါတယ်။ ဒါကြောင့် မို့လို့ ဖလန်းဒါးပြည်နယ်အစိုးရ ဝန်ကြီးချုပ် Mr Kris Peeters ရဲ့ ဖိတ်ကြားချက်အရ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဦးဆောင်တဲ့ မြန်မာကျွမ်းကျင် ကိုယ်စားလှယ် အဖွဲ့ဟာ ဘယ်လ်ဂျီယံနိုင်ငံကို သွားရောက်ပြီးတော့ ဖလန်းဒါးပြည်နယ်အတွင်းမှာရှိတဲ့ Navigation Lock နှင့် Flood Protection Project များအပါအဝင် ရေကြောင်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း တွေကို ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၆ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ လေ့လာခဲ့ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံမှာရှိတဲ့ SBE Nv Engineering Co.Ltd မှ Consultant များတွေကလည်း ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ကနေ ၂၁ ရက်နေ့အထိ မြန်မာနိုင်ငံကို လာရောက်ပြီးတော့ ဧရာဝတီမြစ်အတွင်း ဘက်စုံရေစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရေး ဖြစ်မြောက်မှုအခြေအနေ လာရောက် ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီခရီးစဉ်အတွင်းမှာ ဧရာဝတီမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင် ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ပြည်ထောင်စုဝန်ကြီးများ စစ်ကိုင်းတိုင်းနှင့် မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် SBE Nv Engineering Co.Ltd တို့မှ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆောင်ရွက်မယ့် အစီအစဉ်တွေနဲ့ပတ်သက် ပြီးရှင်းလင်းတင်ပြခဲ့ပါတယ်။ ဧရာဝတီမြစ်မှာ ဘက်စုံရေစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ချေ လေ့လာမှုအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် SBE Nv Engineering Co.Ltd တို့အကြား နားလည်မှုမှတ်တမ်း ရေးထိုးနိုင်ရေးအတွက် အဆင့်ဆင့်ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးတော့ ယခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ နားလည်မှုမှတ်တမ်း ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဖြစ်နိုင်ချေလေ့လာမှုအတွက် မန္တလေးတိုင်းဒေသကြီး၊ ရန္တပိုရွာအနီး သို့မဟုတ် သင့်တော်တဲ့နေရာတွေမှာ ဆောင်ရွက်သွားရန် သဘောတူညီထားပါ တယ်။ ဖြစ်နိုင်ချေလေ့လာရေးအတွက် အချိန်ကာလအားဖြင့် ၆ လခန့်ကြာမြင့်မှာဖြစ်ပြီးတော့ ခန့်မှန်း ကုန်ကျစရိတ်က ယူရို ၈ သိန်းဖြစ်ပါတယ်။ ယူရို ၈ သိန်းအနက် ယူရို ၄ သိန်းကို ဘယ်လ်ဂျီယန်နိုင်ငံ ဖလန်းဒါးပြည်နယ်အစိုးရက ထောက်ပံ့ကူညီပေးမှာဖြစ်ပြီးတော့ ကျန်တဲ့ ယူရို ၄ သိန်းကိုတော့ SBE ကုမ္ပဏီမှ ကျခံဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဖြစ်နိုင်ချေလေ့လာမှုကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ကတည်းက စတင်ပြီးတော့ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို မတ်လ ၁၁ ရက်နေ့မှာဆောင်ရွက် မယ်လို့ ကျွန်တော်တို့သတ်မှတ်ထားခဲ့ပေမယ့် လိုအပ်တဲ့အချက်အလက်တွေ ရရှိရေးအတွက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဘယ်လ်ဂျီယန် SBE Co.Ltd တို့အကြားမှာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလကတည်းက အပြန်အလှန် ဆက်သွယ်ပြီးတော့ အချက်အလက်တွေဖလှယ်ပြီးတော့ စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဧရာဝတီ မြစ်ပြုပြင်ထိန်းသိမ်းရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖြစ်နိုင်ချေ လေ့လာမှုဆောင်ရွက်ရန်အတွက် နားလည်မှုမှတ်တမ်းရေးထိုးပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တာဟာ ဧရာဝတီမြစ်ရဲ့မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက်သာမကဘဲနဲ့ မြန်မာနိုင်ငံရဲ့

ရှေ့အနာဂတ်လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ရေကြောင်းသွားလာမှုစတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွေကိုလည်း ခံစားနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ကျန်တဲ့ မြစ်တွေမှာလည်း ဒီရဲ့နမူနာကိုယူပြီးတော့ နည်းပညာအသုံးချပြီးတော့ ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးအစည်းအဝေးခန်းမအတွင်းမှထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ သတ်မှတ်ထားသော ချင်းတွင်းဌာနခွဲ၏ ကုန်တင်ခနှုန်းထားအား မြစ်ဝကျွန်းပေါ် ဌာနခွဲနှင့် နှုန်းထားတန်းတူ သတ်မှတ်နိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ကိုယ်စား လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ မေးခွန်းရှင် ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်

အစိုးရအနေနဲ့ နယ်စပ်ဒေသ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် တိုင်းနှင့် ပြည်နယ် အသီးသီးရှိ ၈၇ မြို့ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၁၀၉ မြို့နယ်သို့ လည်းကောင်း မူရင်းလစာရဲ့တစ်ဆတိုးမြှင့်ပေးခဲ့ပြီးတော့ ခံစားစေခဲ့ပါတယ်။ ထိုသို့ ခံစားပေးခဲ့ရာမှာ အထက်ချင်းတွင်းဒေသဖြစ်တဲ့ ဟုမ္မလင်း၊ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များလည်းပဲပါဝင်ခဲ့ပါတယ်။ ထိုသို့ခံစားခွင့်ပြုရာတွင် အထက်ချင်းတွင်းဒေသမှာ နေထိုင်တဲ့ ပြည်သူလူထုနဲ့သက်ဆိုင်တဲ့အတွက် ဤမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ အထက်ချင်းတွင်းမှာ ကုန်တင်ကုန်ချ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကုန်သည်လုပ်ငန်းများဆောင်ရွက်နေတဲ့ ပြည်သူလူထုနဲ့သက်ဆိုင်ခြင်းမရှိတဲ့အတွက်ကြောင့်မိုလို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ကုန်တင်နှုန်းထားတန်းတူဖြစ်သင့်တယ်လို့ ယူဆပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှာ သတ်မှတ်ထားတဲ့ ချင်းတွင်းဌာနခွဲရဲ့ ကုန်တင်နှုန်းထားဟာ မြစ်ဝကျွန်းပေါ်ဌာနခွဲထက် နှစ်ဆကြီးမြင့်နေသည်ကိုတွေ့ရပါတယ်။ ဥပမာအားဖြင့် အထွေထွေကုန်နှင့် သစ်ပရိဘောဂအတွက်တစ်တန် တစ်မိုင်နှုန်းကို ရန်ကုန်-ပုသိမ်၊ ရန်ကုန်-မြောင်းမြမှာ ၃၈ ကျပ်နှုန်း ရန်ကုန်-ကျုံမငေး၊ ရန်ကုန်-ဘိုကလေး အမြန်ကုန်ခမှာ ၄၀ နှုန်း၊ ရန်ကုန်-ပြည် အမြန်လမ်းအတွက်ကုန်တင်ကုန်ချမှာ ၃၅ ကျပ်နှုန်း၊ မုံရွာ-ကလေးဝ-ဟုမ္မလင်း-ခန္တီးအတွက် ၇၂ ကျပ်နှုန်း သတ်မှတ်ထားတာကိုတွေ့ရပါတယ်။ အထွေထွေကုန်ပစ္စည်းအတွက် ပိဿာ ၁၀၀ လျှင် တစ်မိုင်နှုန်းအတွက် ရန်ကုန်-ပုသိမ်လမ်းမှာ ၆ ကျပ် ၁၅ ပြား၊ ရန်ကုန်-ကျုံမငေး၊ ရန်ကုန်-ဘိုကလေး အမြန်ကုန်တင်ခအတွက် ၆ ကျပ် ၄၅ ပြား၊ ရန်ကုန်-ပြည် ကုန်တင်ခ ၅ ကျပ် ၆၅ ပြား နှင့် မုံရွာ-ဟုမ္မလင်း-ခန္တီးအတွက် ၁၁ ကျပ် ၆၀ ပြား သတ်မှတ်ထားတာကို တွေ့ရပါတယ်။ ထို့အတူ သုံးတန်အောက်မော်တော်ယာဉ် တစ်မိုင်တင်နှုန်း အနေနဲ့ ရန်ကန်-ပုသိမ် မှာ ၇၆ ကျပ်၊ ရန်ကုန်-ကျုံမငေး၊ ရန်ကုန်-ဘိုကလေးမှာ ၈၀ ကျပ်၊ ရန်ကုန်-ပြည်မှာ ၇၀ ကျပ်ဖြစ်ပြီးတော့မှ မုံရွာ-ခန္တီး-ဟုမ္မလင်းကို ၁၄၄ ကျပ် သတ်မှတ်ထားတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို အောက်ပါမေးခွန်း ၂ ခုမေးမြန်းလိုပါတယ်။

(က)ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ မြစ်ဝကျွန်းပေါ်ဌာနခွဲနှင့် ချင်းတွင်းဌာနခွဲ၊ ကုန်တင်ခနှုန်းထားတန်းတူ သတ်မှတ်ပေးနိုင်ခြင်းရှိ၊ မရှိ။

(ခ)တန်းတူမသတ်မှတ်ပေးနိုင်ပါက အဘယ်ကြောင့်ဖြစ်သည်ကို အထက်ချင်းတွင်းမှာ နေထိုင်သော ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ကိုယ်စား လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး မေးမြန်းထားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဟံစိန်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနခွဲ အသီးသီးမှာ ပြေးဆွဲနေတဲ့ ရေယာဉ်ခရီးလမ်းများရဲ့ ကုန်တင်ခနှုန်းများကို ယခင်တုန်းကတော့ ကုန်တစ်တန်တစ်မိုင်လျှင် ရက်မှန်လမ်းမှာ ၁၂ ကျပ်နှုန်း၊ အမြန်လမ်းမှာ ၁၆ ကျပ်နှုန်းနဲ့ တစ်ပြေးညီသတ်မှတ်ပြီးတော့ ကောက်ခံခဲ့ပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အရှုံးမဖြစ်ပေါ်စေရေး၊ မိမိဝင်ငွေပေါ်မှာ ရပ်တည်နိုင်ရေးကို ကျွန်တော်တို့ စတင်သတ်မှတ်ဆောင်ရွက်ခဲ့တဲ့အခါမှာ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း လေးခုရှိတဲ့အနက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနေနဲ့ မိမိဌာနဝင်ငွေနဲ့ အသုံးစရိတ်တွေကို ကာမိစေဖို့အတွက် ကျွန်တော်တို့စတင်စီမံဆောင်ရွက်ခဲ့ရတဲ့အတွက် ကုန်တင်ခနှုန်းထားများကို ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ခရီးလမ်းတစ်ခုချင်းစီရဲ့ကုန်တင်နှုန်းထားများကို အောက်ပါအချက်အလက်များပေါ်မူတည်ပြီးတော့ နှုန်းထားတွက်ချက်ပါတယ်။ ပြေးဆွဲအသုံးပြုမည့် ရေယာဉ်၏ ကုန်ကျစရိတ်၊ ဝန်ထမ်းများ၏ လစာနှင့်စရိတ်၊ ရေယာဉ်ပြုပြင်စရိတ်၊ စက်သုံးဆီကုန်ကျစရိတ်၊ နောက်ခရီးလမ်းတစ်လမ်းချင်း အသွားအပြန် လိုက်ပါသည့်ခရီးသည်နှင့် ကုန်ရရှိနိုင်မှု load tracker ရဲ့ Percentage ခရီးလမ်းတစ်ခုချင်း အသုံးပြုရေယာဉ်၏ ကုန်တင်နိုင် စွမ်းအား၊ ခရီးလမ်းတစ်ခုချင်း အဆန်ခရီးကုန်ရရှိမှု ပုံမှန်တင်ဆောင်ခြင်း ရှိသည့် ကုန်အမျိုးအစား ကုန်တန်ချိန်၊ ပြေးဆွဲမည့်ခရီးလမ်းတွင် ယှဉ်ပြိုင်ပြေးဆွဲနေသည့် ပုဂ္ဂလိကရေယာဉ်များ၏ ကုန်ရရှိမှုနှင့် ကုန်တင်ခနှုန်း၊ ရေယာဉ်ခရီးစဉ်သတ်မှတ်ချက် ဥပမာ - အထူးအမြန်၊ အမြန်၊

ပုံမှန်စသည်ဖြင့် သတ်မှတ်ထားရှိမှုများ ဒီအပေါ်တွင်မူတည်ပြီး ကျွန်တော်တို့ သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှာ ကုန်တင်ခနှုန်းထားတွေကို အထက်ပါအချက်အလက်များ အပေါ်မူတည်ပြီးတော့ ခရီးလမ်းတစ်ခုချင်းစီရဲ့ကုန်တင်ခ သတ်မှတ်ထားပါတယ်။ ထို့အတွက်ကြောင့်မို့လို့ မြစ်ဝကျွန်းပေါ်ဌာနခွဲ တစ်ခုတည်းမှာပင်လျှင် ခရီးလမ်းတစ်ခုနဲ့တစ်ခု ကုန်တင်ခနှုန်း အနည်းဆုံးကုန်တစ်တန် တစ်မိုင် ၃၈ ကျပ် ကနေပြီးတော့ အများဆုံး ၇၀ ကျပ်နှုန်းအထိ သတ်မှတ်ထားတဲ့အတွက် မတူညီပါဘူး။ အဲ့ဒီအတူပဲ ချင်းတွင်းဌာနခွဲမှာရှိတဲ့ ခရီးလမ်းများတွင်လည်း တစ်တန် တစ်မိုင် ၇၂ ကျပ် နှုန်းကောက်ခံပြီး အစုန်မှာ ကျွန်တော်တို့ တစ်တန်တစ်မိုင် ၄၉ ကျပ် ၃၅ ပြားသာ ကောက်ခံပါတယ်။ အဲ့ဒီလိုကောက်ခံရခြင်းမှာ မုံရွာမှထွက်တဲ့ရေယာဉ်ခရီးစဉ် အားလုံးကုန်တန်ချိန် အပြည့်အဝရရှိပြီး အစုန်ခရီးမှာတော့ ကုန်ရရှိမှုလွန်စွာနည်းပါးတဲ့အတွက် အစုန်တွင် ကုန်တင်ခ လျှော့ပြီးကောက်ခံမှသာ မိမိဌာနရေယာဉ်များမှ ကုန်ရရှိနိုင်မှာဖြစ်ပါတယ်။ အလားတူပုဂ္ဂလိက ကုန်တင်ယာဉ်များဟာလည်း မုံရွာက ဟုမ္မလင်း-နောင်ပိုအောင်-ဟောင်ဖားစတဲ့ မြို့ရွာများကို ကုန်တင် ဆောင်ရာမှာ ကုန်အပြည့်အဝရရှိကြပြီးတော့ ဒေသပေါက်ဈေးကိုက်ညီတဲ့ ကုန်တင်ခနှုန်းထားတွေကို တစ်တန်တစ်မိုင် အနည်းဆုံး ၁၃၇ ကျပ် ကနေပြီးတော့ အများဆုံး ၂၁၀ ကျပ်အထိ တောင်းခံရရှိပြီးတော့ အပြန်အစုန်ခရီးမှာတော့ ကုန်တင်ရရှိမှုနည်းပါးတဲ့အတွက် အဆန်ခရီးထက်အဆမတန် လျှော့ပြီးတော့ သင့်ရာဈေးဖြင့် ကုန်တင်ခကောက်ခံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ကိုယ်စား ဦးရှိသီး မေးမြန်းထားတဲ့ မြစ်ဝကျွန်းပေါ်ဌာနခွဲနဲ့ ချင်းတွင်းဌာနခွဲကုန်တင်နှုန်းထားများကို အထက်ပါအကြောင်းများ ကြောင့်တန်းတူသတ်မှတ်ထား နိုင်ခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြစ်ကြောင်းများကို ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို လွှတ်တော်အစမှာ မေးထားခဲ့ခြင်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ တင်သွင်းခဲ့တဲ့ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့ ဧရာဝတီနဲ့ ချင်းတွင်းမြစ်များကို စီမံချက်ချ ထိန်းသိမ်းပြီး Water Highway ကဲ့သို့ ဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးရန်အဆို ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး

ခင်ဗျား။ ဒါပေမယ့် ကျွန်တော်တို့ပြီးခဲ့တဲ့ မိုးရာသီကာလ ၂၀၁၂ ခုနှစ် မိုးရာသီကာလမှာ ဧရာဝတီ၊ ချင်းတွင်းမြစ်များအပါအဝင် အချို့မြစ်ကြီးတွေမှာ ရေကြီးရေလျှံမှုများဖြစ်ခြင်း၊ ရေကြောင်းပြောင်းလဲပြီး မြစ်ရေတိုက်စားမှုများကြောင့် မြို့နဲ့ကျေးရွာအချို့မှာ မြစ်ကမ်းပါးများ ပြိုကျခြင်း၊ လူနေအိမ်ခြေ၊ စေတီပုထိုး၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းစသည်တို့ ပျက်စီးပြောင်းရွှေ့ခဲ့ရတာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခု ဆောင်းအကုန်နွေကာလမှာ တောင်မှ သောင်များပေါ်ထွန်းပြီးတော့ မြစ်ကြောင်းတိမ်ကောလာပြီး မြစ်ကြောင်းပြောင်းလဲပြီး ရေတိုက်စားမှု ဖြစ်ပေါ်နေပါတယ်။ ရေလမ်းကြောင်းဟာလည်း ဒီနှစ်မှာဆိုရင် ယမန်နှစ်များကထက် ပိုမိုပြီးတော့ ရေကြောင်းများ ကြပ်တည်းလာတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းနဲ့ မုံရွာဆိုရင် ဟိုတုန်းက ခရီးသည် ၁၀၀ ကျော်စီးနင်းနိုင်တဲ့ အမြန်ယာဉ်ငယ်လေးတွေ တစ်ညအိပ်နဲ့ ရောက်နိုင်ပေမယ့်လို့ အခု နှစ်ညအိပ်အထိသွားရတဲ့ အခြေအနေတွေ ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းတွေကို မေးမြန်းအပ်ပါတယ်။ ဒီအဆိုကို အတည်ပြုခဲ့ပြီးဖြစ်တဲ့ အတွက် မြစ်ကြောင်းများကို ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသလား။ ဒုတိယမေးခွန်း အနေနဲ့ ၎င်းမြစ်ကြောင်းထိန်းသိမ်းရေးကို ဘဏ္ဍာငွေမည်မျှသုံးစွဲ၍ မည်သည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသလဲ။ အနာဂတ်ကာလမှာ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်နဲ့ အခြားမြစ်များ မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ အထက်ပါဖော်ပြပါ ရေတိုက်စားမှုအန္တရာယ်များမှ ကာကွယ်နိုင်အောင် မည်သို့ဆောင်ရွက်ပါမည်လဲဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ မေးမြန်းထားတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဟံစိန်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမဦးစွာ မြစ်ကြောင်းများကို ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ဆောင်ရွက်ခဲ့ပါသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဧရာဝတီမြစ်ရဲ့ဆောင်ရွက်ထားရှိမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေရဲ့ မေးခွန်းမှာလည်း ကျွန်တော် ထည့်သွင်း

ဖြေကြားထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းတွင်းမြစ်အတွင်းမှာရှိတဲ့ ချင်းတွင်းမြစ်ရဲ့ ရေကြောင်းကြပ်တည်းတဲ့နေရာတွေ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် မြစ်ကြောင်းပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းတွေကိုတော့ ကျွန်တော်တို့ ၂၀၀၀-၂၀၀၁ ခုနှစ်နေပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ကျွန်တော်တို့ ဘဏ္ဍာငွေပေါင်း ကျပ် ၁၆၃၃.၆ သန်း သုံးစွဲပြီးတော့ မြေထိန်းနံရံ ၁၂၆၈ မီတာ၊ မျှောတိုင်တန်းရေကာ ၃၈၁၇ မီတာ၊ မျှောတိုင်တန်းကျောက်ဖြည့်ရေကာ ၄၆၆၃ မီတာ၊ ကျောက်စီရေကာ ၅၆၈၂ မီတာ၊ သဲအိတ်စီရေကာ ၁၂၇၅ မီတာ၊ သဲစုပ်သောင်တူး ၆၁၈၃၀ ကုဗမီတာ ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက် မြစ်ကြောင်းထိန်းသိမ်းပြုပြင်ရေးနဲ့ ပတ်သက်ပြီး တော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ Bed Regulation Method ကနေပြီးတော့မှ အခုတကယ့် ကမ္ဘာ့နိုင်ငံကြီးအသီးသီးတွေမှာ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတဲ့ Water Level Control နဲ့၊ Weir နဲ့ ကျွန်တော်တို့ Navigation Load လုပ်ပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော်တို့ ပဏာမစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်းလည်း ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အနာဂတ်မှာ မည်ကဲ့သို့စီမံကိန်းများ ရည်မှန်းချက်များနဲ့ မြစ်ကြောင်းများ ဖွံ့ဖြိုး တိုးတက်အောင်စီမံထားပါသလဲဆိုတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ် တို့မှာ ကျွန်တော်တို့ ရေကြောင်းသွားလာမှု အဆင်ပြေချောမွေ့ရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခုနက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ နောက် ကျွန်တော်တို့ ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက်လည်း ကျွန်တော်တို့ ရေလမ်းတွေ ရေနည်းတဲ့ကာလတွေ မှာ သွားရလာရ အဆင်ပြေစေရေးအတွက်ကို ကျွန်တော်တို့ ရတဲ့ဘဏ္ဍာငွေ အပေါ်မူတည်ပြီးတော့ ရေအရင်းအမြစ်နဲ့ မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ် တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ကျန်တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေနဲ့ ကျန်တဲ့ မြစ်တွေမှာ ဆောင်ရွက်တာကိုတော့ ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့များက ကျွန်တော်တို့ မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးခေါင်းစဉ်နဲ့ ခွင့်ပြုရန်ပုံငွေ သက်ဆိုင်ရာဒေသအလိုက် တောင်းခံပြီးတော့ နည်းပညာကိုတော့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သလို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မတီ၏ ကိုယ်စား ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၉-၁-၂၀၁၃ ရက်နေ့တွင် စတင်ဆွေးနွေးခဲ့ပြီး ၂၇-၂-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ၉-၁၁-၁၉၉၀ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၂၁/၉၀) ဖြင့် ထုတ်ပြန်ခဲ့ပြီး အခန်း ၇ ခန်း၊ ပုဒ်မပေါင်း ၃၈ ခု ပါရှိပါသည်။ ယင်းဥပဒေကို ၂၁-၉-၁၉၉၃ တွင်လည်းကောင်း၊ ၃၁-၁၂-၂၀၁၀ တွင်လည်းကောင်း၊ ၂၂-၂-၂၀၁၃ တွင်လည်းကောင်း ၃ ကြိမ် ပြင်ဆင်ခဲ့ပြီး ယခုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၇ ခု ပါရှိပါသည်။

၃။ ယင်းဥပဒေကို ပြင်ဆင်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) လက်ရှိအုပ်ချုပ်ရေးစနစ်သစ်နှင့် လိုက်လျောညီထွေရှိစေရန်အတွက် အမှုဆောင်သက်တမ်း ၄ နှစ် မှ ၅ နှစ်သို့သတ်မှတ်နိုင်စေရန်၊

(ခ) မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများ ပိုမိုသွက်လက်စွာလည်ပတ်နိုင်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ၁၁ ဦး မှ ၁၅ ဦးသို့ တိုးချဲ့ဖွဲ့စည်းနိုင်စေရန်၊

(ဂ) မြို့နယ်အသင်းအတွင်းရေးမှူး တာဝန်ပေးအပ်မှု အဆင်ပြေစေရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးသည် အမျိုးသမီးဖြစ်လျှင်သော်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၌ ဇနီးမရှိလျှင်သော်လည်းကောင်း ဥက္ကဋ္ဌမှ တာဝန်ပေးသောသူနှင့် ဖွဲ့စည်းနိုင်ရန်ဟူ၍ တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် အမျိုးသားလွှတ်တော်က အချက် ၇ ချက်အား ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအပေါ်တွင် အခြေခံရမည့်မူ ၁၂ ချက်နှင့် နည်းဥပဒေ ၅၉ တို့နှင့်အညီ လေ့လာစိစစ်နိုင်ရန် ၇-၃-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးသုံးသပ်ရေးကော်မရှင်နှင့် ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုမှတာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

၆။ ယင်းသို့ ညှိနှိုင်းအစည်းအဝေးကျင်းပချက်အရ မူလဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လေ့လာစိစစ်ခဲ့ကြရာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်မှ ၂၀၁၃ ခုနှစ် စကားရပ်ကို ထုတ်ပြန်ခဲ့သည့် ဥပဒေများနှင့် ရောထွေးမှုမရှိစေရန် ပြင်ဆင်ချက်သည် သင့်လျော်ပါကြောင်း တွေ့ရှိရပါသည်။

( ခ) ပုဒ်မ ၁ ကို ဤဥပဒေကို ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်ဟူ၍ ပြင်ဆင်ချက်ကိုလည်း ထောက်ခံသင့်ပါကြောင်း တွေ့ရှိရပါသည်။

( ဂ) ပုဒ်မ ၂ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) နှင့် (င) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ထားပါသည် -

(ဃ) ဗဟိုကောင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဗဟိုကောင်စီကို ဆိုသည်။

( င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ကိုဆိုသည် ဟူ၍ဖြစ်ရာ ပြင်ဆင်ပြောင်းလဲလိုက်သော အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ထပ်မံဖြည့်စွက်ရန် လိုအပ်မည် ဖြစ်ပါသဖြင့် ထောက်ခံသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မ ၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း ရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် တစ် ဦး — ဥက္ကဋ္ဌ

( ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် ၁၄ ဦး — အဖွဲ့ဝင်

( ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၁၄ ဦး — အဖွဲ့ဝင်

(ဃ) နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု
ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖွဲ့ဝင်

( င) စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ ငါး ဦး အဖွဲ့ဝင်

ပုဒ်မ ၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဘက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦး တို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

ပုဒ်မ ၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များ သည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်း လည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြားဗဟိုကောင်စီဝင် ခုနှစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင် နာယကများ ကို သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်။

ဟူ၍ ပြင်ဆင်ချက်များတွင် ပါဝင်သည့် အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်းခြင်း၊ ရွေးချယ် ခန့်ထားခြင်းအစား ရွေးချယ်တင်မြှောက်ခြင်းဟူသောအချက်များသည် လိုအပ်ချက် အရ ပြင်ဆင်ခြင်းဖြစ်၍ ထောက်ခံသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

( င) ပုဒ်မ ၆ အဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၁၆ ကို အစားထိုးရာတွင် အမှုဆောင်အဖွဲ့၏ သက်တမ်း ၅ နှစ် ဟူ၍ ကိန်းဂဏာန်းဖြင့် ဖော်ပြချက်အစား ဥပဒေရေးထုံးအရ စာဖြင့် ငါးနှစ်ဟူ၍ ပြင်ဆင်ခြင်းဖြစ်၍ ထောက်ခံ သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

( စ) ပုဒ်မ ၆ အဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၇ ပုဒ်မခွဲ (က) ၌ ပါရှိသော မိမိ၏ အလုပ်အမှုဆောင်အဖွဲ့ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉

၌ ပါရှိသော ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့ဆိုသည့်စကားရပ်တို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးခြင်းသည် လက်ရှိကျင့်သုံးနေသော အမည်ဖော်ပြချက်ဖြစ်၍ ထောက်ခံသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ပုဒ်မ ၇ အဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မ ၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဟူ၍ ပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ထားခြင်းဖြစ်၍ ထောက်ခံသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၈။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ထောက်ခံအတည်ပြုသင့်ပါကြောင်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာဖော်ပြ၍ ၁၉-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ဖို့ဖြစ်ပါ တယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးစိုး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ၆-၂-၂၀၁၃ ရက်နေ့တွင် စတင် ဆွေးနွေး ခဲ့ပြီး၂၇-၂-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်ရဲ့ ၁-၃-၂၀၁၃ ရက်စွဲပါစာအမှတ် ၁/အမ (ကော်မတီ-၁) ၁/၂၀၁၃-၂၇ ဖြင့် ပေးပို့လာခဲ့ပါတယ်။

၂။ အမျိုးသားအစားအသောက် ဥပဒေသည် ၃-၃-၁၉၉၇ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၅/၉၇) ဖြင့် ထုတ်ပြန်ခဲ့ပြီး အခန်း ၁၂ ခန်းနှင့် ပုဒ်မပေါင်း ၃၈ ခု ပါရှိပါသည်။

၃။ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြောင်းလဲလာသော ခေတ်နှင့်အညီ လျော်ညီမှုရှိစေရန်၊

(ခ) ခေတ်နှင့် လျော်ညီသည့် ပြစ်ဒဏ်များ ပြောင်းလဲသတ်မှတ်နိုင်ရန်၊

(ဂ) ဥပဒေအား အကောင်အထည်ဖော်ရန်လိုအပ်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၁၀ ခု ပါရှိပါသည်။ ယင်းပုဒ်မ ၁၀ ခုအနက် အမျိုးသားလွှတ်တော်မှ ပုဒ်မ ၃ ခုကို ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား လေ့လာစိစစ်နိုင်ရန် ၇-၃-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ကျန်းမာရေး မြှင့်တင်မှုကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။

၆။ ယင်းဥပဒေကြမ်းအပေါ်တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ နှင့် ဥပဒေကြမ်းများကို စိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် လေ့လာစိစစ်ခဲ့ကြရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များဖြစ်သည့် ဤပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၁၀ တို့ကို လက်ခံရန် သဘောတူကြပါသည်။

၇။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက်အနေဖြင့် ဤဥပဒေပါ အစားအသောက် ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို

ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ရန် ရည်ရွယ်၍ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ပါသည် -

ပုဒ်မ ၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အစားအသောက်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၈။ သို့ဖြစ်ပါ၍ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်တစ်ချက် ဖြည့်စွက်ခြင်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၃ ရပ်အား ထောက်ခံပါကြောင်း တင်ပြခြင်းတို့အပေါ်တွင် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၀-၃-၂၀၁၃ ရက် ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၆) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၁၂း၃၅ နာရီအချိန်တွင်ရပ်နားပါသည်။**]**